မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၂၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့

တပ်မတော်စစ်သမိုင်းပြတိုက်နှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ် ကြည့်ရှုလေ့လာ

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၁၃

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသောပြခန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်သည် တပ်မတော်စစ်သမိုင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းမှ တပ်မတော်ရေယာဉ်ဖြင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ ရေတပ်သင်္ဘောကျောင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်ဇနီးတို့ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta(PVSM, AVSM, ADC) နှင့် ဇနီးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

သတင်း ဆောင်းပါးနှင့် အားကစား အညွှန်း

ကျစ်ပြီးကြိုးများကို ကြိမ်ကုလားထိုင်များကဲ့သို့ ကြိမ်နေရာတွင် ဗေဒါကြိုးကို အစားထိုး ရက်လုပ်နိုင်ပါတယ်။

ဦးမြင့်ဦး၊ လုပ်ငန်းတာဝန်ခံ

ကျေးလက်ပြည်သူတို့ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်း ပဲခူးမြို့နယ် ကျိုက်ပေါကျေးရွာမှ ဗေဒါကြိုးကျစ်လုပ်ငန်း အရင်းအနှီးနည်းပါး၊ မပင်မပန်းအကျိုးများ

▲ ဗေဒါကြိုးကျစ် လုပ်ငန်းမှ အလုပ်သမများ။ ▲

သန်းသန်းနုနှင့် အေးသန္တာသိန်းတို့၏ သတင်းမြင်ကွင်း (စာ-၆)

လာလီဂါ ရာသီကုန်၌ အပြိုင်အဆိုင် ပြိုင်ပြိုင်ဆိုင်ဆိုင်

ရီးရဲမက်ဒရစ်အတွက် လာလီဂါ ဖလားရရှိရေး အဓိကကြိုးစား ဂိုးသွင်းပေးနေသော တိုက်စစ်မှူး နစ္စတယ်ရွိုင်း။

ကမ္ဘာတစ်လွှား အားကစား(စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၄ ရက်)

ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိကျစွာလိုက်နာ

မိုးရာသီတွင် လမ်းများပေါ်၌ စက်ဆီ၊ ချောဆီများ ဖိတ်စင်နေတတ်သည်။ မော်တော်ယာဉ်ဘီးများ၌ ပန်းများမရှိတော့ခြင်း၊ လေပေါင်ချိန် များလွန်းခြင်း၊ ရွှံ့နွံများ ရှိနေခြင်းတို့ကြောင့် လမ်းချော်နိုင်သည်။ အရှိန်ပြင်းစွာမောင်းနှင်ခြင်းနှင့် ဘရိတ်ကို ရုတ်တရက် နင်းခြင်းတို့ကြောင့်လည်း ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားနိုင်သည်။

ယခုကဲ့သို့ မိုးဦးရာသီတွင် လမ်းဘေးမြေပခုံးသားများ ပျော့နေတတ်၍ ယာဉ်တိမ်းမှောက်မှုဖြစ်နိုင်သဖြင့် အရှိန်ပြင်းစွာ မောင်းနှင်ခြင်းကို သတိပြု ရှောင်ကြဉ်သင့်သည်။

မိုးသည်းထန်စွာရွာသွန်းချိန်တွင် အရှိန်လျှော့၍ ရှေ့မီးကြီးကို ဖွင့်မောင်းရန်လိုအပ်သည်။ အကာအရံမလုံခြုံသော မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များသည် ဖိတ်စင်မှုမရှိစေရန် လုံခြုံစွာ တင်ဆောင်မောင်းနှင်ကြရမည် ဖြစ်သည်။

ယာဉ်မောင်းသူများ၏ သတိလက်လွတ် ပေါ့ဆမှု၊ လမ်းအသုံးပြုသူ (ခြေလျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေရခြင်း ဖြစ်သည်။

လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားရှိချိန်၌ ခြေလျင်သွားသူများ လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းနေရမည်ဖြစ်သည်။ မော်တော်ယာဉ်များအနေဖြင့် လမ်းဆုံမီးပွိုင့် လူကူးမျဉ်းကျားများတွင် အရှိန်လျှော့၍ မောင်းနှင်ကြရန် လိုအပ်သည်။

လမ်းဖြတ်ကူးသူများသည် လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ ဖြတ်ကူးကြရမည်ဖြစ်သည်။ အချက်ပြထိန်းသိမ်းမှုမရှိသော နေရာတွင်လည်း လမ်းရှင်းမှ ဖြတ်ကူးရမည် ဖြစ်သည်။

ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများသည် သတ်မှတ်ထားသော စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ၅(က) မင်္ဂလာလမ်းနံ့သာကုန်း ရပ်ကွက် အင်းစိန်မြို့နယ်နေ ဗိုလ်မှူး မြင့်လွင် (ငြိမ်း)အား ရည်စူး၍ ဒေါ်တင်မြမိသားစုက အလှူငွေကျပ် နှစ်သိန်းကို အဖွဲ့ဝင် ဒေါက်တာ အောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသ တောမီးကာကွယ်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာအုပ်ချုပ်မှုဌာနမှ ဒုတိယဝန်ကြီး H.E Mr. Li Yucai၊ CIFEဥက္ကဋ္ဌနှင့် အဖွဲ့တို့သည် မေ ၁၁ ရက်က နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသ တောမီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။ (အပေါ်ပုံ)

တက်ရောက်

ညှိနှိုင်းဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ဝင်ကိုးဦးတို့ တက်ရောက်ကြသည်။

ညစာဖြင့် တည်ခင်းဧည့်ခံ

ညပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာအုပ်ချုပ်မှုဌာနမှ ဒုတိယဝန်ကြီး Mr. Li Yucai နှင့် အဖွဲ့အား နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

လက်မှတ်ရေးထိုးလဲလှယ်

ညစာမသုံးဆောင်မီ ဆွေးနွေးချက်မှတ်တမ်းကို သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်တောရေးရာအုပ်ချုပ်မှုဌာနမှ ဒုတိယဝန်ကြီး Mr. Li Yucai တို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား

၁၄-၅-၂၀၀၇ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ အားလုံးကိုလွှမ်းမိုး၍တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်)
- ၈း၀၅ ထင်ရှားဖူးမြော် ကျုံမငေးမြို့မှမြတ်စွယ်တော်
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ နူးညံ့လှပ နန်းကြာညိုကြေ့ာယိမ်းအက
- ၉း၀၅ EURO GOALS
- ၉း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၄၀ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်ဥပဲငံပြာရည်၊ ညှပ်ခေါက်ဆွဲကြော်)
- ၁၀း၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၁၅ သံပုံထောင်းခြင်းဆိုင်ရာနည်းပညာ
- ၁၀း၃၀ တေးဂီတအစီအစဉ်
- ၁၀း၃၅ နယဉ်ဆန်းထွင် ပန်းအလှဆင် (တြိဂံပုံ ပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
- ၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့် ဆွေးနွေးခန်း)
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (လေးဆယ်ကျော်တို့၏ ကျန်းမာရေးပြဿနာများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၁၀ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
- ၁၂း၂၀ တေးဂီတအစီအစဉ်
- ၁၂း၂၅ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
- ၁၂း၃၅ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၂း၄၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
- ၁၂း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိဘများဖြစ်သော ဦးခင်ညွန့်-ဒေါ်လှကြည်တို့အား ရည်စူး၍ အမှတ်၁၂၇၊ သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဦးအောင်သင်းနှင့် ဦးအောင်လင်း မိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဆောင်အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘများဖြစ်သော ဦးအောင်သွင် ဒေါ်ခင်အုံးမြင့် တို့အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ရှမ်းကုန်းလမ်း တိုက်(၁၈) အခန်း ၃ နေ ဒေါက်တာစည်သူအောင် (ရန်ကုန်တိုင်း တီဘီရောဂါတိုက်ဖျက်ရေးဌာန)က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာအရှင်စန္ဒန (မွှာစရိယ) ရှေ့မှောက်၌ တာဝန်ခံ ကိုမျိုး (ဗုဒ္ဓဂယာ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အောင်မြင် UPVC ပိုက်စက်ရုံဖွင့်ပွဲကျင်းပ တိုင်းမှူးပိုလ်ချုပ်ခင်ဇော် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၁၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မေ ၈ ရက် နံနက် ၉ နာရီက မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)၊ ၅၁ လမ်း၊ မက္ခရာလမ်းနှင့် တပင်ရွှေထီး လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အောင်မြင် UPVC ပိုက်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စက်ရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရမြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

သစ်သီးခြင်းလက်ဆောင်

ဆက်လက်၍ တိုင်းမှူးက UPVC ပိုက်စက်များ တပ်ဆင်လည်ပတ်မှုပေးသော ပညာရှင် Mr.Wanhua Pin နှင့် Mr. Zou Shi Ming တို့အား ဂုဏ်ပြုသစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် UPVC ပိုက်များ ထုတ်လုပ်ရာတွင်အသုံးပြုသည့် ကုန်ကြမ်းများ သိုလှောင်ထားရှိမှုနှင့် UPVC ပိုက်များ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

ယခု ဖွင့်လှစ်သော မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အောင်မြင် UPVC ပိုက်စက်ရုံအား မြန်မာကျပ်ငွေ ၄၆၃၀၂၉၄၀၇နှင့် FEC ၂၄၀၀၀အကုန်အကျခံတည်ဆောက်ခဲ့ပြီး ပိုက်အရွယ်အစား ၁/၂ လက်မ၊ တစ်လက်မ၊ ၁ ၁/၄ လက်မ၊ ၁ ၁/၂ လက်မ၊ နှစ်လက်မ၊ သုံးလက်မ၊ လေးလက်မ၊ ခြောက်လက်မနှင့် ရှစ်လက်မ ပိုက်များကို တစ်နာရီလျှင် ၅ ဒသမ ၂၈တန် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၇ ခုနှစ် မလေးရှား ပညာရေးပြပွဲ ရန်ကုန်နှင့် မန္တလေးတို့၌ ကျင်းပမည်

ရန်ကုန် မေ ၁၃

မလေးရှားနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် အဆင့်မြင့် ပညာရေးဝန်ကြီးဌာနတို့က ကမကထပြုလုပ်ပြီး မလေးရှား အခြေစိုက် Winning Magnitude Sdn-Bhd နှင့် မြန်မာနိုင်ငံမှ Jenko Shwe Myin Educare Service တို့ ပူးပေါင်းစီစဉ်သည့် ၂၀၀၇ ခုနှစ် မလေးရှားနိုင်ငံ ပညာရေးပြပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royalဟိုတယ်မင်္ဂလာခန်းမ၌ မေ ၁၇ ရက်နှင့်၁၈ရက်တို့တွင် လည်းကောင်း၊ မန္တလေးမြို့ ရတနာပုံ ဆိုက်ဘာခန်းမ၌ မေ၂၀ ရက်တွင် လည်းကောင်း နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် မလေးရှားနိုင်ငံမှ ပုဂ္ဂလိက တက္ကသိုလ်ကြီးများ၊ ကောလိပ်များ၊ နိုင်ငံတကာကျောင်းများ၏ ကမ္ဘာ့အဆင့်မီပညာရေးနှင့် ထူးခြားသော အားသာချက်များကို ပြသထားမည်ဖြစ်ရာ မလေးရှားနိုင်ငံ၏ သက်တမ်းအရင့်ဆုံး၊ အထင်ရှားဆုံးသော University of Malaya၊ အင်္ဂလန်နိုင်ငံ၏ ထင်ရှားသော တက္ကသိုလ်ခွဲဖြစ်သည့် The University of Nottingham, Malaysia Campus နှင့် ဩစတြေးလျနိုင်ငံ၏ တက္ကသိုလ်ခွဲ ဖြစ်သော Swinburne University Sarawak Campus၊ တက္ကသိုလ်၊ ကောလိပ်အပါအဝင် ကျောင်း ၁၀ ကျောင်းခန့်တို့၏ အထူးပြု ဘာသာရပ်မျိုးစုံ၊ ကျောင်းမျိုးစုံတို့၏အကြောင်းကို စိတ်တိုင်းကျ စုံစမ်းမေးမြန်းနိုင်ရန်အတွက် ခင်းကျင်းပြသထားမည်ဖြစ်ရာ လာရောက်လေ့လာနိုင်ကြောင်းသိရှိရသည်။

မလေးရှားနိုင်ငံသည် ပညာသင်ကြားရေး၊ နေရေး၊ စားရေးသက်သာခြင်း၊ ပညာသင်ကြားရန်နေထိုင်ခွင့်ဗီဇာလွယ်ကူခြင်း၊ IELTS, TOEFL တို့ မလိုအပ်ဘဲ အခြေခံပညာအထက်တန်းအောင်မြင်သူတိုင်း မလေးရှားတက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်နိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ကွာဟချက် အနည်းဆုံးဖြစ်ခြင်း စသည့် အားသာချက်များ ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က စက်ရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ပိုက်စက်ရုံအတွင်း UPVCပိုက်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မိုးဦးကျကာလတွင် ဖြစ်လေ့ရှိသော ကျွဲ နွား ခွာနာလျှာနာ ရောဂါအတွက် ကြိုတင်ကာကွယ်ရန် နှိုးဆော်ချက်

၁။ **မြန်မာနိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု။** မိုးဦးကျကာလတွင် ကျွဲ နွား ခွာနာလျှာနာရောဂါသည် အောက်ဖော်ပြပါ အခြေအနေများကြောင့် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်–

- လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေရန်အတွက် ကျွဲနွားများ ရောင်းဝယ် ပြောင်းရွှေ့ သယ်ယူကူးသန်းသွားလာရာမှ ရောဂါကူးစက်ပြန့်ပွားခြင်း။
- ခြောက်သွေ့ပူပြင်းမှုနှင့် စိုစွတ်မှုအပြောင်းအလဲအရ ရောဂါဖြစ်ပေါ်မှု အခွင့်အလမ်း ပိုများခြင်း။
- ကျွဲနွားများ ရောင်းဝယ် လွှဲပြောင်းရာတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားခဲ့သော ကျွဲနွားများမှာ ရောဂါပိုး သယ်ဆောင်၍ အခြားရောဂါ ခုခံမှုအားနည်းသော တိရစ္ဆာန်များသို့ ကူးစက်ခြင်း။
- ခွာနာလျှာနာရောဂါ ဗိုင်းရပ်စ်ပိုး၏ သဘာဝအရ စိုထိုင်းဆများသော မိုးကာလတွင် လေမှတစ်ဆင့် အလွန်ဝေးကွာသောနေရာများရှိ အခြားခုခံမှုနည်းသော တိရစ္ဆာန်များသို့ ကူးစက်စေခြင်း။
- ကျွဲ နွား လွှတ်ကျောင်း စားကျက်များမှတစ်ဆင့် ကျွဲ နွား အချင်းချင်း ထိတွေ့၍ ကူးစက်ခြင်း။
- ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခြံလှောင်ထားခြင်းမပြုဘဲ လွှတ်ကျောင်းသည့်အတွက် အခြားတိရစ္ဆာန်များသို့ ကူးစက်စေနိုင်ခြင်း။
- ရောဂါဖြစ်နေသော တိရစ္ဆာန်နှင့် ရောဂါမဖြစ်သေးသော တိရစ္ဆာန်များကို ခြံတစ်ခုတည်းတွင် အတူတူထားရှိခြင်း။
- ရောဂါဖြစ်ပွားမှုကို အလေးမမူဘဲ သက်ဆိုင်ရာ ဒေသခံအာဏာပိုင်အဖွဲ့အစည်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ သတင်းပေးပို့မှု နောက်ကျခြင်း။
- ရောဂါဖြစ် တိရစ္ဆာန်များအား စနစ်တကျ ကာကွယ်ခြင်းမပြုလုပ်ဘဲ ဆေးမြီးတိုများနှင့်သာ ကုသခြင်း။

၂။ **ရောဂါကြိုတင်ကာကွယ်တားဆီးရေး။** ကျွဲ နွား ခွာနာလျှာနာရောဂါ ဖြစ်ပွားပါက တောင်သူလယ်သမားအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ထိခိုက်ဆုံးရှုံးမှုများရှိနိုင်၍ အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တိရစ္ဆာန်ကျန်းမာရေးအသိဖြင့် ဆောလျင်စွာ သတိပြုလုပ်ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်–

- မိုးဦးကျကာလတွင် ကျွဲ နွားများ ရောင်းဝယ်ပါက ခွာနာလျှာနာ ရောဂါဖြစ်ပွားမှုမရှိသော ဒေသမှ ကျွဲနွားများကို ရွေးချယ်ဝယ်ယူခြင်း။
- မိမိဒေသပတ်ဝန်းကျင်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်း သိရှိပါက မိမိပိုင်ကျွဲ၊နွားများအား စားကျက်သို့လွှတ်ကျောင်းခြင်းမပြုဘဲ ခြံလှောင်၍ အာဟာရဖြစ်စေနိုင်သော အစာများကို တိုက်ကျွေးခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား စားကျက်သို့မလွှတ်ဘဲ ခြံလှောင်၍ သီးခြားပြုစုကုသခြင်း၊ ရောဂါဖြစ်တိရစ္ဆာန်များအား လျှာကိုကျောက်ချဉ်ရည် ၁၀ ရာခိုင်နှုန်းဖြင့် တစ်နေ့သုံးကြိမ် ပွတ်လိမ်းပေးခြင်း၊ ခွာနာကို ဆေးကတ္တရာအရည်သုတ်လိမ်း၍ ခြောက်သွေ့သောနေရာတွင်ထားရှိခြင်း၊ ဆေးကတ္တရာအရည် မရရှိပါက မှုမှန်ဆားရည် ၀ ဒသမ ၈၅ ရာခိုင်နှုန်းဖြင့် ဆေးကြောခြင်း၊ ရောဂါဖြစ်တိရစ္ဆာန်မှ စွန့်ထုတ်သော ကျင်ကြီး၊ ကျင်ငယ်များအား စနစ်တကျ စုပုံထိန်းသိမ်းရန်နှင့် ကျွဲ၊ နွား ထားသည့်နေရာများကို ထုံးမှုန့်ဖြူးပေးခြင်း၊ ကျွဲ၊ နွား ခြံပတ်ဝန်းကျင်တွင်လည်း သန့်ရှင်းရေးပြုလုပ်၍ ထုံးမှုန့်ဖြူးပေးခြင်း။
- မိမိဒေသတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားကြောင်း သိရှိရပါက သက်ဆိုင်ရာ ဒေသခံအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာအကြောင်းကြားခြင်း၊ ရောဂါထိန်းချုပ်ရန်အတွက် ရောက်ရှိလာသော ဌာနဆိုင်ရာအဖွဲ့အစည်းများအား ပူးပေါင်းပါဝင်ကူညီခြင်း။
- မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဖြစ်နိုင်ပါက ကြိုတင်ကာကွယ်ဆေးများကို ထိုးနှံထားပေးခြင်း။

၃။ **ဆောလျင်စွာသတင်းပေးပို့ရေး (Early Reporting)။** ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာသတင်းပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး (Rapid Response) ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် ကုံကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက် ပစ္စည်းလေးပါးထောက်ပံ့ရေး ဝေယျာဝစ္စ အဖွဲ့နာယက ဒေါ်မြရှင်အား သီရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခံရ၍ ပစ္စည်းလေးပါးထောက်ပံ့ရေး ဝေယျာဝစ္စ အဖွဲ့က ဂုဏ်ပြုပွဲကို မေ ၆ ရက်က ကျင်းပရာ အဖွဲ့ ဦးဆောင်နာယက ဒေါက်တာထွန်းလင်းက သီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်မြရှင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (၃၅၂)

ကလေးသူငယ်၊ လူငယ်များနှင့် နှလုံးသွေးကြောရောဂါ

ပါမောက္ခ
ဒေါက်တာ ဒေါ်ခင်မေစန်း

နှလုံးသွေးကြောရောဂါကို အဓိကဖြစ်စေသော သွေးကြောနံရံများတွင် အဆီပြင်တွယ်ကပ်ခြင်းသည် ကလေးဘဝကစသည်ကို သုတေသနများက သက်သေပြခဲ့သည်။ ဤသို့ ငယ်ငယ်ရွယ်ရွယ်နှင့် သွေးကြောအဆီဓာတ်ဖုံးသည်မှာ ဆေးလိပ်သောက်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးတွင်းအဆီဓာတ်များခြင်းတို့နှင့် ဆက်စပ်နေကြောင်း တွေ့ရှိရသည်။ **ကလေးဘဝက အဝလွန်ပါက လူကြီးဘဝမှာလည်း တစ်ဆက်တည်း အဝလွန်တတ်သည်။ နှလုံးသွေးကြောရောဂါသည် ငယ်ရွယ်စဉ်ကတည်းက အစပျိုး၍ နှစ်ပေါင်းများစွာ တဖြည်းဖြည်းဖြစ်လာသဖြင့် လူကြီးဘဝတွင် နှလုံးသွေးကြောရောဂါ ကာကွယ်လိုပါက ကလေးဘဝမှ စတင်ဆောင်ရွက်သင့်ပါသည်။**

ကလေးများတွင် အဝလွန်နှုန်းသည် လူမျိုးနှင့် လူမှုစီးပွားရေးအခြေအနေပေါ်မူတည်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူပါ။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဤနှုန်းထားများနေပြီး တဖြည်းဖြည်း မြင့်တက်လာနေသည်။ အမေရိကန်နိုင်ငံတွင် အသက် ၆-၁၉နှစ် အရွယ် ကလေးနှင့် လူငယ်များတွင် ၂၀၀၂ခုနှစ် စာရင်းဇယားများအရ ၁၆ရာခိုင်နှုန်းမှာ ကိုယ်အလေးချိန်များနေသည်ကို တွေ့ရသည်။ သို့ရာတွင် ကလေးများ၌ လူငယ်များမှာကဲ့သို့ ကိုယ်ခန္ဓာထုထည်ပမာဏ(BMI)ကို တွက်ချက်၍ နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေကို တိကျစွာမခန့်မှန်းနိုင်ပါ။ ကလေးများ၏ လက်ရှိကိုယ်အလေးချိန်ထက် တရိပ်ရိပ်ဝနေခြင်းက ပို၍အန္တရာယ်ရှိသည်။ အဝလွန်ခြင်းသည် ဇီဝကမ္မချို့ယွင်းမှုလက္ခဏာစု(Metabolic Syndrome)၏ အဓိကအချက်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံတွင် လူငယ်များ၏လေးရာခိုင်နှုန်းနှင့် ကိုယ်အလေးချိန်များသော ကလေးများ၏ ၃၀-၅၀ရာခိုင်နှုန်းသည် ဤရောဂါလက္ခဏာစုရှိနေသည်ကို တွေ့ရသည်။ လူကြီးလူငယ်မရွေး အဝလွန်ပါက အိပ်နေချိန်တွင် လေကြောင်းပိတ်ဆို့၍ ခေတ္တမျှအသက်ရှုရပ်တတ်(Sleep Apnoea)သည်မှာ နှလုံးကြွက်သား ထူလာစေ၍ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ခြင်းနှင့် ရုတ်တရက် သေဆုံးခြင်းတို့ ဖြစ်လာနိုင်သည်။ ကလေးဘဝတွင် အစားဆင်ခြင်၍ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်လုပ်ပါလျှင် အဝလွန်ခြင်းကို လျော့ပါးစေပြီး ကာကွယ်နိုင်သည်။ အသင့်အတင့် ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်သော ကလေးများသည် ကိုယ်အလေးချိန်လျော့သည်သာမက ကိုယ်ခန္ဓာအဆီနှင့် သွေးတွင်း Triglycerides အဆီဓာတ်ကျပြီး HDL-C တက်လာသဖြင့် ဇီဝကမ္မ ချို့ယွင်းမှုလက္ခဏာစု (Metabolic Syndrome)အခြေအနေကို ပြုပြင်ပေးသည်။ ကိုယ်လက်လှုပ်ရှား၍ အစားဆင်ခြင်ပါကပို၍ ထိရောက်သည်။

ဆေးလိပ်သောက်မှုနှင့် ဆေးလိပ်အငွေ့ရှူခြင်း

အနောက်နိုင်ငံများ၏ လူငယ်များ ဆေးလိပ်သောက်နှုန်းထားသည် ၂၀ရာခိုင်နှုန်းကျော် ဖြစ်သည်။ မြန်မာနိုင်ငံ၏ သုတေသနများအရ ကျောင်းသားလူငယ်များ ဆေးလိပ်သောက်နှုန်းသည် ၅၀ရာခိုင်နှုန်း အထိ ရှိနေသည်ကို သိရှိရသည်။

ကိုယ်တိုင်ဆေးလိပ်သောက်ပါက လူငယ်များ၌ သွေးကြောများထူ၍ မာကျောလာသည်။ ကိုယ်တိုင်မသောက်သော်လည်း အတူနေ လူကြီးများ၏ ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူနေရသော ကလေးများ ၂၀-၄၀ ရာခိုင်နှုန်းလည်း ရှိသည်။

ဘေးထွက်ဆေးလိပ်ငွေ့သည် အန္တရာယ်ဓာတ်ငွေ့ပေါင်း ၄၀၀၀ကျော် ပါဝင်သောကြောင့် ဆေးလိပ်မှ တိုက်ရိုက်ရှူရှိုက်လိုက်သော ဆေးလိပ်ငွေ့ထက် အန္တရာယ်များသည်။ သွေးတွင်းရှိကောင်းသောအဆီဓာတ် HDL-C ကို လျော့စေသည်။ ထို့ကြောင့် လူကြီးမိဘများအား ကလေးသူငယ်များအနီးတွင် ဆေးလိပ်သောက်ခြင်းကို ရှောင်ရန် ပညာပေး နှိုးဆော်သင့်သည်။ လူငယ်များကို ကိုယ်တိုင်ဆေးလိပ်မသောက်ရန်နှင့် ဘေးထွက်ဆေးလိပ်ငွေ့ကိုရှောင်ရန် တိုက်တွန်းပြီး ဆေးလိပ်အန္တရာယ်များကို ပညာပေးသင့်သည်။

သွေးတွင်းအဆီဓာတ်

ကလေးဘဝတွင် သွေးတွင်းအဆီဓာတ်များပါက လူကြီးဖြစ်လာလျှင်လည်း အဆီဓာတ်ဆက်၍ များနေတတ်ကြောင်း သုတေသနများက ပြခဲ့သည်။ ကိုယ်ဝန်ဆောင်စဉ်က မိခင်တွင်သွေးတွင်းအဆီဓာတ်များပါလျှင် သန္ဓေသားနှင့် မွေးလာသည့် ကလေးငယ်များတွင်ပါ ပုံမှန်ထက် သွေးတွင်း အဆီဓာတ်များနေပြီး သွေးလွှတ်ကြောနံရံများတွင် အဆီခဲငယ်များကို တွေ့ရတတ်သည်။ ထို့ကြောင့် ကလေးတိုင်းတွင် သွေးအဆီဓာတ် နည်းစေရန် တိုက်တွန်းဆောင်ရွက်သင့်ပါသည်။ မိသားစုထဲတွင် ငယ်ငယ်ရွယ်ရွယ်နှင့် နှလုံးသွေးကြောရောဂါဖြစ်သည့် ရာဇဝင်နှင့် မိသားစုအလိုက် သွေးအဆီဓာတ်များသည့် ရာဇဝင်ရှိသော ကလေးသူငယ်များကို ရွေးထုတ်၍ သွေးအဆီဓာတ်များ စစ်ဆေးသင့်သည်။

သွေးချိုဆီးချိုရောဂါ

သရက်ရွက်မှ အင်ဆူလင်ဓာတ်မထုတ်သဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် ဖြစ်သော သွေးချိုဆီးချိုရောဂါ(Type 1DM)ရှိသော ကလေးသူငယ်များတွင် အဆီဓာတ်များပြီး သွေးလွှတ်ကြောနံရံများတွင် အဆီခဲနေသည်ကို တွေ့ရှိထားပါသည်။ ပုံမှန်အားဖြင့် လူကြီးများတွင် အဖြစ်များသော အင်ဆူလင်ဓာတ် အာနိသင်လျော့နည်း၍ဖြစ်သော ဆီးချိုသွေးချိုရောဂါ (Type 2DM)ကိုလည်း ယခုခေတ်ကလေးများတွင် လူဦးရေ ၁၀၀၀တွင် နှစ်ဦးမှ ၅၀အထိ တွေ့နေရပြီဖြစ်သည်။

သွေးတိုးရောဂါ

သွေးတိုးရောဂါသည် ကလေးဘဝမှစပြီး လူကြီးဘဝတွင် ဆက်ရှိနိုင်သည်။ ဝသောကလေးများတွင် သွေးတိုးရောဂါပိုဖြစ်သည်။ သုတေသနတစ်ခုက ကျောင်းသားလေးများ၏ ၃၀ ရာခိုင်နှုန်းနှင့် ကျောင်းသူလေးများ၏ ၁၇ ရာခိုင်နှုန်းတို့၌ သွေးပေါင်ချိန် ပုံမှန်ရှိသင့်သည်ထက် များနေသည်ကို တွေ့ရှိထားသည်။ ကိုယ်အလေးချိန် လျော့ပါလျှင်သွေးပေါင်ချိန်ကျသည်။ ဟင်းသီးဟင်းရွက်များများစားပြီး အငန်ဓာတ်ကို လျှော့စားလျှင် သွေးပေါင်ချိန်ကျသည်။

မျိုးရိုးဗီဇ

မျိုးရိုးဗီဇကြောင့်လည်း နှလုံးသွေးကြောရောဂါဖြစ်နိုင်သည်ကို ယခုမျက်မှောက်ခေတ်တွင် သိရှိလာကြပြီ။ ဗီဇတစ်ခုတည်းထက် ဗီဇငယ်များစုပေါင်းခြင်းက ရောဂါပိုဖြစ်စေသည်။

မွေးကင်းစ ကိုယ်အလေးချိန်

မွေးကင်းစ ကိုယ်အလေးချိန်နည်းပြီး အသက်နှစ်နှစ်အရွယ်အထိ ပိန်လှီသော ကလေးများသည် ရုတ်ခြည်းအလေးချိန်တိုးလာပါက အင်ဆူလင်ဓာတ် အာနိသင်နည်းပြီး လူကြီးဖြစ်လာလျှင် နှလုံးသွေးကြောရောဂါ ပိုဖြစ်သည်ကို တွေ့ရှိခဲ့သည်။

သို့ပါသောကြောင့် နိုင်ငံတိုင်းတွင် **နှလုံးသွေးကြောရောဂါ ဖြစ်နှုန်းကျလာစေရန် ကလေးငယ်များ လူငယ်များတွင် အဝလွန်ခြင်း၊ သွေးတိုးနေခြင်း၊ ဆီးချိုသွေးချိုနေခြင်း၊ သွေးအဆီဓာတ်များနေခြင်း၊ မျိုးရိုးဗီဇရှိနေခြင်းကို ဖော်ထုတ်ပြီး သင့်တင့်လျောက်ပတ်သော ကာကွယ်မှုများ ဆောင်ရွက်သင့်**ပါကြောင်း တင်ပြလိုက်ပါသည်။ ။

မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်မည့်ကိုယ်စားလှယ်များ မွန်ပြည်နယ် သံဖြူဇရပ်နှင့် မော်လမြိုင်တို့၌ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်

နေပြည်တော် မေ ၁၃

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျီရာဒက်ခို့ချရတ် (Lt-Gen: Jiradej Kotcharat) ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန် မေ ၁၀ရက် နံနက် ၈နာရီ မိနစ် ၄၀ က အထူးလေယာဉ်ဖြင့် မော်လမြိုင်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တပ်မတော် အရာရှိကြီးများ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်းနှင့် စစ်သံမှူး ဗိုလ်မှူးကြီး တင်စိုးတို့က မော်လမြိုင် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ် (၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျီရာဒက်ခို့ချရတ် ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအားပြည်နယ် ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ထိုင်းကိုယ်စားလှယ် အဖွဲ့ဝင်များသည် မေ ၁၁ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ နာဂဝံသ တောင်တန်းပေါ်ရှိ ကျိုက်သလွံစေတီသို့ လည်းကောင်း၊ ဦးခန္တီ မဟာမြတ်မုနိ ဘုရားသို့ လည်းကောင်းသွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ နာဂဝံသ တောင်တန်းပေါ်ရှိ ရှုခင်းသာမှနေ၍မော်လမြိုင်မြို့၏ သာယာလှပမှုများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက်(ခုနစ်မိုင်) ရွာတန်းရှည် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်ဆဲ သောသုဇန လေးထပ်ကျောင်းဆောင်တော်ကြီးအတွက် မရမ်းကုန်း ခုနစ်မိုင်ခွဲ သီရိရိပ်သာလမ်းနေ အငြိမ်းစား ဗိုလ်မှူးကြီး ဒေါက်တာ သိန်းအောင်အားရည်စူး၍ ဒေါ်မြကြည်နှင့် သား သမီး၊ မြေးမြစ် တစ်စုတို့က အလှူငွေကျပ်သိန်း၁၀၀ကို ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နေ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် မောင်နှမများဖြစ်ကြသော ဖခင်ကြီး(တီဒီအမ်၊ သီရိပျံချီ၊ သီဟဗလ) ဦးစောလင်း(ဥတ္တရတိုင်း သစ်တောမင်းကြီး)-မိခင်ကြီး ဒေါ်ကြည်ကြည်မေနှင့် ဒုတိယဗိုလ်မှူးကြီးသိန်းလင်း၊ ဗိုလ်ချုပ်ဉာဏ်လင်း၊ ဒေါ်ခင်မေလင်း တို့အားရည်စူး၍ ဒုတိယ ဗိုလ်မှူးကြီး စံလင်း(ငြိမ်း)၊ ဗိုလ်မှူး သာလင်း(ငြိမ်း)၊ ဒုတိယ ဗိုလ်မှူးကြီး ဇော်လင်း(ငြိမ်း)၊ ဦးခင်မောင်လင်း၊ ဦးမောင်မောင်လင်း၊ ဒေါ်အေးအေးမိုးတို့က ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သွေးဆေးကန် အရှင်နန္ဒာစရိယ အထူးတရားစခန်းပွဲ

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇဓမ္မာစရိယ ဂန္ထဝါစကဓမ္မာစရိယသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့၌ နယုန်လပြည့်ကျော် ၆ရက်မှ နယုန်လပြည့်ကျော် ၁၂ရက် (ဇွန် ၅ရက်မှ၁၁ရက်)အထိ ကျင်းပမည့်တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင် မဟာမြတ်မုနိဘုရား စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်
တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနားကို မေ ၁၃ ရက်(ကဆုန်လပြည့်နေ့)က မဟာမြတ်မုနိဘုရားကြီး ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မော်လမြိုင်မြို့ သာသနာ့မာန်အောင် ဝဲပုံကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ နှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ သာသနာ့မာန်အောင် ဝဲပုံကျောင်းတိုက် ဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး၏ဇနီးဒေါ်မြင့်မြင့်စိုးနှင့် ဌာနဆိုင်ရာများက လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဩဘာသထံမှ ပရိသတ်တို့က အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လှည့်လည်ပူဇော်

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စိန်ဖူးတော်ကို လည်းကောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းက ငှက်မြတ်နားတော်ကို လည်းကောင်း ပင့်ဆောင်ကြကာ မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြပြီး ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံ ပန်းရထားဖြင့် မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိတိုက် ပြာသာဒ်တော်အထွတ်သို့ တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၁၅	၁၀။	မိုးလေဝသသတင်း
၆း၂၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၅၁)(ဇာတ်သိမ်းပိုင်း)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ (အပိုင်း-၅)**

ရန်ကင်းမြို့နယ် ၁၁ ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း အမှတ် ၁၁၈၆ နေ ဦးတင်ဦးနှင့် မိသားစုက ဒေါ်ပါးပါးအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူးချုပ်ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

ဟိုပင်မြို့တွင် စုပေါင်းသီလရှင်ဝတ်

ကချင်ပြည်နယ် ဟိုပင်မြို့ သမိဒ္ဓေါဒယဓမ္မနာဒ သီလရှင်ကျောင်းတိုက်တွင် ဘာသာ၊ သာသနာ အရှည်တည်တံ့ပြန့်ပွားရန်နှင့် အမျိုးသမီးများ စာရိတ္တ မြင့်မားလာစေရန်ဟူသော ကောင်းမြတ်သည့် ရည်ရွယ် ချက်ဖြင့် စုပေါင်းသီလရှင်ဝတ်ပွဲ အခမ်းအနားကို မေ ၂၆ရက် မွန်းလွဲ ၁နာရီက ဟိုပင်မြို့ သမိဒ္ဓေါဒယ ဓမ္မနာဒ သီလရှင်ကျောင်းတိုက်၌ ကျင်းပရာ နယ်မြေခံစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးခင်မောင်ချိုနှင့်ဇနီး ဒေါ်နန်းနီနီလှ၊ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၁၂၅ ပါးတို့ တက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သစ်သီးအလှပုံဖော် သင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူး၍ သစ်သီးအလှပုံဖော်သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၉ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားပြီး နည်းပြများဖြစ်ကြသော ဒေါ်သန်းသန်းထွေးနှင့် ဒေါ်ညိုညိုစမ်းတို့က သစ်သီးအလှပုံဖော်နည်းပညာများ ပို့ချခဲ့သည်။ သင်တန်းသို့ အသင်းခွဲများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၆၀ တို့ တက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ရေဦး၌ နေ့ချင်းပြီးထုတ်ပေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် စစ်ကိုင်းတိုင်း ဦးစီးဌာနမှူး ဦးဝင်းမြင့်၊ ရွှေဘိုခရိုင်ဦးစီးဌာနမှူး ဦးမြဝင်းအောင်တို့လိုက်ပါလျက် ရေဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ မေ ၂၈ရက် ညနေပိုင်းက ရောက်ရှိလာပြီး နိုင်ငံသား စိစစ်ရေးကတ်ပြား နေ့ချင်းပြီး ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရေဦး၊ တန့်ဆည်မြို့နယ် ဥက္ကဋ္ဌများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး စနစ်သစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျင်မြန်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန် နည်းလမ်းများကို ရှင်းလင်းမှာကြား သွားကြောင်း သိရသည်။ (၃၇၈)

ကြို့ပင်ကောက်၌ ဘိုးဘွားများအား အိမ်တိုင်ရာရောက်ထောက်ပံ့

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှသိန်း ဦးဆောင်မှုဖြင့် မြို့နယ်ဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့ (အလုပ်အမှုဆောင်ကော်မတီ)ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်ကော်မတီဝင်များက အိမ်တိုင်ရာရောက်စောင့်ရှောက်ရေး စနစ်အရ ၂၀၀၆ ခုနှစ်က စတင်ပြီး လှူဒါန်းခဲ့သောအဘိုး၊ အဘွား ၁၀ဦးတို့အား ၂၀၀၇ခုနှစ် ဖေဖော်ဝါရီနှင့်မတ် နှစ်လစာ လစဉ် ဘိုးဘွားတစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ကျပ်သား၊ ဆား၊ ဆပ်ပြာ၊ ဆေး၊ ဖယောင်းတိုင်၊ လုံချည်၊ အင်္ကျီပစ္စည်း ၁၀မျိုးကို မတ် ၁၈ရက်က အိမ်တိုင်ရာရောက် သွားရောက် ထောက်ပံ့ပေးကြောင်း သိရသည်။ (၀၄၀)

အင်းတော်တွင် ရွှေရတုခန်းမဆောက်လုပ်ရန် အုတ်မြစ်ချမင်္ဂလာကျင်းပ

စစ်ကိုင်းတိုင်း အင်းတော်မြို့ အခြေခံ ပညာအထက်တန်း ကျောင်းဝင်းအတွင်း တည်ဆောက်မည့် ရွှေရတုခန်းမအုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို မေ ၁၀ရက် နံနက် ၇နာရီ ၄၅မိနစ်က အဆိုပါ ရွှေရတုခန်းမ ဆောက်လုပ်မည့်မြေနေရာတွင် ကျင်းပရာ အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ဝင်းနှင့်တာဝန်ရှိ သူများက ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ကို သတ်မှတ်နေရာများတွင် အုတ်မြစ်ချ ပေးကြကြောင်း သိရသည်။ **(၁၃၃)**

ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲ တောင်ကြီး၌ ကျင်းပ

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒသမအကြိမ်မြောက် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို မေ ၁၀၊ ၁၁ ရက်များတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိနှင့် မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအထိ နှစ်ကြိမ်ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲများတွင် ပန်းချီပြိုင်ပွဲ၌ စုစုပေါင်း ၄၈ဦး၊ ကာတွန်းပြိုင်ပွဲ၌ စုစုပေါင်း ၃၄ဦး၊ ပိုစတာပြိုင်ပွဲ၌ စုစုပေါင်း ၂၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအားလုံးတွင် အသက် ၁၀ နှစ်အောက်အတန်း၊ ၁၀-၁၅ နှစ်အတန်း၊ ၁၅-၂၀ အတန်းနှင့် ၂၀ အထက်အတန်း စုစုပေါင်း အတန်း လေးတန်း ခွဲခြားယှဉ်ပြိုင်ကြောင်း သိရသည်။ (က-ပ)

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို မေ၂ရက် နံနက်၉နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်တွင် ကျင်းပရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ သင်တန်းသို့ ကောလင်းမြို့မှ ၅၅ဦး၊ ဝန်းသိုမြို့မှ ၄၇ဦး၊ ပင်လည်ဘူးမြို့မှ ၆၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂ရက်မှ ၃၁ရက်အထိ ဖြစ်ကြောင်း သိရသည်။ **(၀၂၆)**

မီးဘေးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ မိုးကောင်းတွင် ဖြန့်ဝေ

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်နှင့် တပ်ဖွဲ့ဝင်များသည် မေ ၄ ရက် နံနက်က မြို့ပေါ် အချက်အချာကျပြီး လူစည်ကားသည့် လမ်းဆုံ၊ လမ်းခွများ၌ အများပြည်သူတို့အား မီးဘေးအန္တရာယ်ကိုတင်ကြိုကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ (၄၁၆)

ကျေးလက်ပြည်သူတို့ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်း ပဲခူးမြို့နယ် ကျိုက်ပေါကျေးရွာမှ ဖေဒါကြိုးကျစ်လုပ်ငန်း

အရင်းအနှီးနည်းပါး၊ မပင်မပန်းအကျိုးများ

ကွင်းဆင်းလေ့လာရေးသားသူများ – သန်းသန်းနု နှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်းတင် – တင်စိုး (မြန်မာ့အလင်း)

ကျစ်ပြီးကြိုးများကို ကြိမ်ကုလားထိုင်များကဲ့သို့ ကြိမ်နေရာတွင် ဖေဒါကြိုးကို အစားထိုးရက်လုပ်နိုင်ပါတယ်။

ဦးမြင့်ဦး
လုပ်ငန်းတာဝန်ခံ

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ထားရာ ယနေ့ ကျေးလက်ဒေသများတွင် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစဉ် (၅)ရပ်မှ တစ်ခုအပါဝင်ဖြစ်သော ကျေးလက်နေပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် လက်တွေ့ဆောင်ရွက်နေသော ပဲခူးမြို့နယ် ကျိုက်ပေါရွာ မဟာစေတီဘုရား အနီးရှိဖေဒါ ကြိုးကျစ်လုပ်ငန်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့မှ ပြီးခဲ့သော မေ ၄ရက်က သွားရောက်လေ့လာခဲ့ကြသည်။

သဘာဝအလျောက် အလေ့ကျပေါက်နေသော ဖေဒါပင်ကို အသုံးပြု၍ ကြိုးကျစ်လုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်ခံ ဦးမြင့်ဦးက ဦးစွာရှင်းပြသည်။ ပထမဦးစွာ ဖေဒါပင်၏ သက်တမ်းခြောက်လမှ တစ်နှစ်ရှိသော ဖေဒါကို အရိုးတံအချောင်းအတိုင်း သတ်မှတ်ချက်နှင့် ပြည့်မီသော အပင်ကို ဖြတ်ရသည်။ သတ်မှတ်ချက်နှင့် ပြည့်မီသည်ဆိုရာမှာ အပင်အရိုးတံ၏ အရှည် ၁၃လက်မနှင့် အထက်ဖြစ်ပြီး ၁၃လက်မအောက် ဖြစ်လျှင် အရိုးတံတိုလျှင် အသုံးပြု၍ မရနိုင်ကြောင်းသိရသည်။

အရိုးတံများနေလှန်း

သတ်မှတ်ချက်အရှည်နှင့်ပြည့်မီသော အရိုးတံများကို သုံးရက် နေလှန်းရသည်။ နေလှန်းပြီးသော အရိုးတံများကို ကြိုးအဖြစ် ကျစ်ရပါသည်။ ဖေဒါပင် အပင် ၃၀၀ကို ပေ ၁၀၀ကြိုး တစ်ကြိုး ရပါသည်။

ကုန်ကြမ်းဖြစ်သော ဖေဒါကို သနပ်ပင်၊ ဝေါ၊ ဘုရားကြီးနှင့် ကလိ ကျေးရွာတို့မှ ရရှိသည်။ သဘာဝ အလျောက် အလေ့ကျ ပေါက်နေသော ဖေဒါကို လူသုံးကုန်ပစ္စည်းအဖြစ် ရရှိအောင် အဆင့်ဆင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူတို့သည် အလုပ်အကိုင်ရရှိပြီး ဝင်ငွေများတိုးတက်လာရသည်။ ကွင်းထဲတွင် လယ်ယာလုပ်ကိုင်နေသောသူများသည် အားလပ်ချိန်တွင် ဖေဒါများကို နုတ်သော အလုပ်ရပြီး သဘာဝကရရှိသော အပင်က ဝင်ငွေများ ရရှိစေသည်။ ဆင်ခြေဖုံးနေ ကျေးလက်ပြည်သူတို့ အနေဖြင့် ကြိုးကျစ်သော အလုပ်ကို ရရှိစေသည်။

> **ကျွန်မတို့ လုပ်နိုင်သလောက် အကျိုးခံစားခွင့် ရပါတယ်။**
>
> ဒေါ်သိန်းသိန်း

ကြိုးကျစ်နည်းကိုလည်း လုပ်ငန်းခွင်အတွင်း သင်တန်းပေး၍ သင်ပေးကြောင်း သိရသည်။ သင်တန်းကို ၁၀ ရက်၊ ၁၅ ရက်ခန့် သင်ပေးလျှင် တတ်မြောက်သွားသည်။ သင်တန်းကာလတွင် လာရောက်သင်ယူသူများကိုလည်း တစ်နေ့လုပ်အားခ ကျပ် ငါးရာ ထုတ်ပေးသည်။ လုပ်အားခ ပေးရခြင်းမှာ ပစ္စည်းအနေနှင့် လေလွင့်မှုများစွာရှိသော်လည်း ကျေးလက်ပြည်သူများ အလုပ်ရရှိအောင်နှင့် အတတ်ပညာ တစ်ခုအနေဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်ရည်ရွယ်၍ သင်ပေးရကြောင်း သိရသည်။

စားဝတ်နေရေး

ကြိုးကျစ်ခြင်း လုပ်ငန်းကို ကျွမ်းကျင်စွာ ပြုလုပ်နိုင်သောသူသည် တစ်ဦးကို ပေ ၁၀၀ကြိုး လေးကြိုး ကျစ်နိုင်သည်။ အလုပ်ရုံသို့ လာရောက် မလုပ်နိုင်သော မိခင်များသည် အိမ်တွင် ယူ၍ကျစ်ပေးခြင်းဖြင့် အလုပ်လည်းရ ဝမ်းလည်းဝရပါသည်။ လုပ်အားခကိုလည်း တစ်ရက်နှုန်း မသတ်မှတ်ထားချေ။ မိမိ၏လုပ်အားပေါ်မူတည်၍ လုပ်အားခများကို ထုတ်ပေးပါကြောင်း လုပ်ငန်းတာဝန်ခံကရှင်းပြပါသည်။ ပေ ၁၀၀ကြိုးကို ထိုးခ ကျပ်နှစ်ရာ့ငါးဆယ် ပေးသဖြင့် တစ်ဦး၏ ဝင်ငွေသည် တစ်ရက်ကို အနည်းဆုံးကျပ်တစ်ထောင်ရှိပြီး မိသားစုလိုက် လုပ်အားပြုပါက ဝင်ငွေများပြီး မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုသော လုပ်ငန်းဖြစ်ပေသည်။

> **ဒီလုပ်ငန်းကြောင့် မိသားစု စားဝတ်နေရေး အဆင်ပြေ။**
>
> မခင်မာချို

> **မိသားစုအတွက် ဝင်ငွေရ မိမိရဲ့ ကျောင်းစရိတ်အတွက်လဲ ကာမိတဲ့အတွက် ဝမ်းသာ။**
>
> မမိုးမိုးဆွေ

ဖေဒါကြိုးကျစ် လုပ်ငန်းမှ အလုပ်သမများ။

ဖေဒါပင် အရိုးတံများဖြင့် ကျစ်လုပ်ပြီးသော ပေ ၁၀၀ ကြိုးများ။

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

ယင်းအလုပ်ရုံတွင် လုပ်သားအင်အား ၆၀နှင့် လုပ်ကိုင်နေပြီး ဖေဒါကြိုးကျစ်လုပ်ငန်းသည် ကျိုက်ပေါကျေးရွာနေ ကျေးလက်ပြည်သူတို့အတွက် အလုပ်အကိုင်ပွင့်လန်းစေသည်။

မိသားစုဝင်ငွေ

အလုပ်ရုံတွင် လုပ်ကိုင်နေသော မခင်မာချိုဆိုသူကို မေးမြန်းကြည့်ရာတွင် **“ဒီလုပ်ငန်းကြောင့် မိသားစု၏ စားဝတ်နေရေး အဆင်ပြေပါကြောင်း”** ပြောကြားပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ မမိုးမိုးဆွေက **“မိသားစုအတွက်လဲ ဝင်ငွေရ မိမိရဲ့ ကျောင်းစရိတ်အတွက်လဲ ကာမိသည့်အတွက် အလွန်မှ ဝမ်းသာကြောင်း”**၊ အသက် ၄၅ နှစ်ရှိသူ ဒေါ်သိန်းသိန်း ဆိုသူက **“ကျွန်မ ဒီလုပ်ငန်းကို ဝါသနာလဲပါတယ်။ နေပူထဲမသွားရ၊ အရိပ်အောက်မှာလုပ်ရပြီး မပင်ပန်းဘူး၊ ကျွန်မတို့ လုပ်နိုင်သလောက် အကျိုးခံစားခွင့်ရပါတယ် ”**ဟု မြန်မာ့အလင်းသို့ အားပါးတရ ပြောပြသည်။

ပရိဘောဂ

ကျစ်ပြီးသောကြိုးများကို ကြိမ်ကုလားထိုင်များကဲ့သို့ ကြိမ်နေရာတွင် ဖေဒါကြိုးကို အစားထိုး၍ ရက်လုပ်ပါသည်။ အိမ်ထောင်ပရိဘောဂ အသုံးအဆောင်ပစ္စည်းများ၊ အမျိုးသမီးကိုင်အိတ်များ ပြုလုပ်သည်။ ပြည်တွင်းတွင် အသုံးနည်းပြီး တရုတ်နိုင်ငံသို့ တင်ပို့ကြောင်း၊ အသုံးအဆောင်ပစ္စည်းအပြင် ကျစ်ပြီးသော ကြိုးလုံးများကိုလည်း တင်ပို့ကြောင်း သိရသည်။

အရင်းအနှီးနည်း

ဖေဒါကြိုးကျစ် လုပ်ငန်းသည် သဘာဝကရရှိသည့် ဖေဒါပင်ကိုအသုံးချ၍ ပြုလုပ်သွားခြင်းဖြစ်သည်။ ဖေဒါပင်ကို နုတ်ယူသော်လည်း မျိုးသုဉ်းခြင်းမရှိ၊ အသုံးပြု၍ မရသော ဖေဒါရိုးကို ရေထဲပြန်ချထားပါက အပင်ပြန်ပေါက်သဖြင့် လေလွင့်ဆုံးရှုံးမှုမရှိခြင်း၊ နေလှန်းပြီး အရိုးတံမှ အရည်အသွေးမမီသော အရိုးတံများကိုလည်း မြေဩဇာအဖြစ် အသုံးပြု၍ရပြီး ဤ ဖေဒါကြိုးကျစ်လုပ်ငန်းသည် အရင်းအနှီးနည်းသော လုပ်ငန်းတစ်ခု ဖြစ်သည်။

ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် Three Red Star ကုမ္ပဏီတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အလုပ်ရရှိရေး၊ ဝင်ငွေများတိုးတက်ရရှိရေးအတွက် ရည်ရွယ်၍ ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ပဲခူးမြို့နယ် ကျိုက်ပေါကျေးရွာသည်လည်း ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်ပါကြောင်း ကျေးရွာအရောက် ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

ဖေဒါကြိုးကျစ် လုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

14-5 (06) 1 5/13/07, 1:03 PM

စိန်မာတင်နှင့် ကယားပြည်နယ်ဘိုးဘွားရိပ်သာများသို့ ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

လွိုင်ကော် မေ ၁

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်တင်တင်ကြည်သည် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ပန်းသီရိဒေါရပ်ကွက်ရှိ စိန်မာတင်ဘိုးဘွားရိပ်သာနှင့် လောဓမ္မ ရပ်ကွက်ရှိ ပြည်နယ်ဘိုးဘွားရိပ်သာများသို့ သွားရောက်၍ နေ့လယ်စာအာဟာရ ကျွေးမွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဘိုးဘွားများအတွက် ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကြသည်။

လှူဒါန်း

အဆိုပါလှူဒါန်းပွဲတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်းစီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် တစ်သိန်းစီနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက အဝတ်အထည်များ လှူဒါန်းရာ စိန်မာတင်ဘိုးဘွားရိပ်သာ အဘိုးအဘွား ၁၆ ဦးနှင့် ပြည်နယ်ဘိုး ဘွားရိပ်သာမှ အဘိုး၊ အဘွား ၂၀တို့ကိုယ်စား တာဝန်ခံများက လက်ခံယူကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းစိုးစိုးဟတ်က ပြည်နယ်ဘိုးဘွားရိပ်သာသို့ ထာဝရငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ တာဝန်ခံ ဦးအုန်းဖေ လက်ခံယူစဉ်။
(ပြည်နယ် ပြန်/ဆက်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်

ဘုတလင် မေ ၁၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် မဟာဗန္ဓုလ ရပ်ကွက် ခရေပင်ကျောင်း ဆရာတော် (နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်) ဘဒ္ဒန္တ မာဃဝံသ (သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိသိဋ္ဌဒီဃဘာဏက၊ဒီဃနိကာယ ကောဝိဒ)အား နိုင်ငံတော်က ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ချီးမြှင့် ဆက်ကပ်သော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော် ဂုဏ်ပြုပူဇော်ပွဲကို မေ ၁၂ရက်ကကျင်းပရာရပ်ဝေး၊ ရပ်နီး မှဒါယကာဒါယိကာမများ စုပေါင်း၍ ဂုဏ်ပြုပူဇော်ပွဲကိုစည်ကားသိုက်မြိုက် စွာဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ **(ကြံခိုင်ဖွံ့ဖြိုးရေး)**

ဧပြီ ၂၆ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ရပ်ကွက် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်း ဆောင်ကြီးအတွက် အမှတ်၁၃၅ ပြည်လမ်းဇမိုင် မရမ်းကုန်းနေ ဦးတင်စိုး- ဒေါ်မြနွယ်မိသားစုတို့က ငွေကျပ်နှစ်သိန်းကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဝေဠုဝန်နိကာယဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှေးဦးသူနာပြုနှင့် မြန်မာ့ရိုးရာသိုင်းသင်တန်း မြဝတီမြို့၌ဖွင့်

မြဝတီ မေ ၂

မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် မြဝတီခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး ကျင်းပသော ရှေးဦးသူနာပြု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၇)နှင့် မြန်မာ့ရိုးရာသိုင်းသင်တန်း အမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၂၃ရက် နံနက်၈ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလှ နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** အခြေခံ ရှေးဦး သူနာပြုသင်တန်းသို့ မြဝတီမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ များမှသင်တန်းသား၊ သင်တန်းသူ၁၀၀နှင့် မြန်မာ့ရိုးရာသိုင်း သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက် သင်ကြားကြပြီး သင်တန်းကာလမှာ ဧပြီ၂၃ရက်မှမေ ၁၈ရက် အထိဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ **(အမျိုးသမီးရေးရာ)**

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေး

နမ့်ခမ်း မေ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနကကြီးမှူး၍ မြို့မစည်ပင် သာယာဈေးနှင့် နှစ်နိုင်ငံ နယ်စပ် ကူးတို့ဆိပ်တို့တွင်ကြက်ငှက်တုပ်ကွေး ရောဂါအကြောင်း သိကောင်းစရာနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ များအသိပညာပေး ဆွေးနွေးပြီးကြက် ငှက်ထွက်ပစ္စည်းများ စစ်ဆေးခြင်း လုပ်ငန်းများကို မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာန၊ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ စုပေါင်း၍ ဧပြီ ၅၊ ၁၀၊ ၂၀နှင့် ၂၅ရက်တို့က ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ကြသည်။

ဆောင်ရွက်

ယင်းလုပ်ငန်းများကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးတင့်၊ဒုတိယရဲအုပ် မြတ်မင်းထွန်း၊ ကျန်းမာရေးမှူး ဦးကျော်ဝင်းနှင့်ဈေးတာဝန်ခံဦးမောင် မောင်တို့ ဦးဆောင်သောအဖွဲ့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို လစဉ် တစ်လလျှင်လေးကြိမ် ဆောင် ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ကျေးလက်စက်ရေတွင်း

မိတ္ထီလာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို မေ၃ရက်က ကျားထူးတောင်ကျေးရွာတွင် ကျေးလက် စက်ရေတွင်း၊ လက်နှိပ်တုံကင်နှင့် အုတ်ရေကန်များကို မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) (စက်မှု) ဦးဆန်းဝင်းနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ သီပေါ၌ကျင်းပ

သီပေါ မေ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့နှင့် သီပေါမြို့နယ် နမ့်လန် ဒေသ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ တို့၏ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၈ရက် နံနက် ၁၀နာရီက နမ့်လန်ခန်းမဆောင် ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေ **(ယာပုံ)** က အမှာစကားပြောကြားပြီး ခရိုင်မိခင် နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းသန်း နွယ်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မျိုးမျိုးသန့်တို့က လုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်ကို လည်းကောင်း၊မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ကျင်မြက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်းများ ကို လည်းကောင်း ရှင်းလင်းပြောကြား ကြသည်။ ထို့နောက် နမ့်လန်ဒေသ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့၏ တင်ပြ ချက်များကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် တာဝန်ရှိသူ များက ညှိနှိုင်းဖြည့်ဆည်းပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု တူညီဝတ်စုံပေးအပ်ပွဲ ပြည်မြို့၌ကျင်းပ

ပြည် မေ ၈

(၆၁)နှစ်မြောက်မီးသတ် တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသော အားဖြင့် ပြည်မြို့နယ်မီးသတ် ဦးစီးဌာန၌ အရန်မီးသတ်တပ် ဖွဲ့ဝင်များအား တူညီဝတ်စုံ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင် က အဖွင့်အမှာစကား ပြော ကြားပြီး ခရိုင်မီးသတ်ဦးစီး ဌာနမှူး ဦးအောင်ရွှေထွန်းက တူညီဝတ်စုံပေးနိုင်မှုအခြေအနေ ကိုရှင်းလင်းကာ အရန်မီးသတ် တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ထွဋ်က အမှာစကား ပြော ကြားသည်။

ယင်းနောက် မြို့နယ်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ အတွက် တူညီဝတ်စုံများကို ပေးအပ် လှူဒါန်းရာ အရန် မီးသတ် ဒုတိယ တပ်ရင်းမှူး ဦးအုန်းလွင်က လက်ခံယူ ပြီး ကျေးဇူးတင်စကား ပြန် လည် ပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ် တိုးချဲ့ရေးလုပ်ငန်းများဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၁ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကချင်ပြည်နယ်မှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဆန်းဦးနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

စစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မော်တော်ယာဉ်များဖြင့် လေယာဉ်ပြေးလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လေဆိပ် ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က မူလလေယာဉ်ပြေးလမ်း ပေ ၆၀၀၀ ပေ ၁၀၀ မှ ပေ ၇၀၀၀ ပေ ၁၀၀ ရရှိအောင် တိုးချဲ့တည်ဆောက်မှု၊ မြေသားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေပိတ်လွှာ ကတ္တရာလောင်း ပြီးစီးမှု၊ ဘဏ္ဍာရေးနှစ်အလိုက် သုံးစွဲမှု၊ စက်ယန္တရားများသုံးစွဲမှု၊ မြေဖို့ခြင်းလုပ်ငန်း ပေ၆၀၀၊ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ပေ ၄၀၀ ပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် မြစ်ကြီးနား-ဝိုင်းမော်ကူးတို့ဆိပ်ကမ်းသို့ သွားရောက်၍ မြစ်ကြီးနား-ဝိုင်းမော် ကူးတို့ရေယာဉ်ပြေးဆွဲနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် မေ ၁၃

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေး ကြပ်မတ်ကြသည်။

(သတင်းစဉ်)

ဗမာ့သာကစ္ဆာအဖွဲ့ချုပ် ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပ

ရန်ကုန် မေ ၁၃

ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းနိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာ အဖွဲ့ချုပ်၏ (၃၂)ကြိမ်မြောက် ဩဝါဒခံယူပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကင်းမြို့နယ် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတွင် ကျင်းပရာ ရှေးဦးစွာ အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို လျှောက်ထားပြီး အောင်မြေဘုံစံ ဆရာတော်၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတနှင့်စွန်းလွန်းဂူကျောင်း ဆရာတော် ဘဒ္ဒန္တ သုန္ဒရ (တိပိဋကရေ၊ တိပိဋက ကောဝိဒ)တို့ထံမှ ဩဝါဒကထာ နာယူကြသည်။ အဖွဲ့ချုပ်တာဝန်ရှိပုဂ္ဂိုလ်များက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချ၍ အမျှပေးဝေကာ ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။ ယနေ့ကျင်းပသည့် စာအောင်ဆုနှင်းသဘင်တွင် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အောင်မြင်သူ ၁၀၉ ဦးတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆွစ်ဇာလန်နိုင်ငံသား အများစုပါဝင်သော ကမ္ဘာလှည့်ခရီးသည် ၁၈၄ ဦး စင်းလုံးငှားလေယာဉ်ဖြင့် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (ဟိုတယ်/ခရီး)

ကမ္ဘာလှည့်ခရီးသည် စင်းလုံးငှားလေယာဉ်ရောက်ရှိ ပုဂံနှင့် အင်းလေးသို့ သွားရောက်လည်ပတ်မည်

ရန်ကုန် မေ ၁၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကြီးကြပ်ပြီး Diethelm Travel Ltd. Myanmar နှင့် ဆွစ်ဇာလန်နိုင်ငံ Hotelplan Ltd. International Travel Organizationတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသား အများစုပါဝင်သော ကမ္ဘာလှည့်ခရီးသည် ၁၈၄ ဦးသည် စင်းလုံးငှားလေယာဉ် Belair/BHP007ဖြင့် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိလာသည်။

ပြန်လည်ထွက်ခွာမည်

အဆိုပါခရီးသည်များသည် ယနေ့မှ မေ ၁၅ ရက်အထိ ရန်ကုန်-ပုဂံနှင့် အင်းလေးခရီးစဉ်များသို့ သွားရောက်လည်ပတ်ကာ မေ ၁၆ ရက် နံနက် ၁၀ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၈)ဖြန့်ချိ

ရန်ကုန် မေ ၁၃

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၈)တွင် ဆရာကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အွန်စောတို့ဌာနေ အခန်းဆက်ခရီးသွားဆောင်းပါးနှင့်အတူ ကြီးမှဝက်သက်ပေါက်ရင် သတိထား၊ လူကြီးရောဂါ ကလေးဖြစ်၊ ကလေးရောဂါ လူကြီးဖြစ်လာနေ၊ Media Ring ဆော့ဖ်ဝဲဖြင့် ဆိုက်ဘာကဖေးမှ နိုင်ငံရပ်ခြားသို့ ဖုန်းခေါ်ပြောနိုင်ပြီ၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ငါးဖမ်းမိသည့် ဇရိယာအမြင့်ဆုံးဒုတိယနိုင်ငံဖြစ်၊ ယုဇနပလာဇာတွင် အဖွဲ့လိုက် အလစ်သုတ်မှုများရှိနေ၊ မိဖုရားစောလုံဖြစ်သွားတဲ့ ကိုရီးယားမင်းသမီးလေးနှင့် အင်တာဗျူး စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

ဖြန့်ချိ

မိုဗစ်ချ်ကိုပေးမယ့် မော်ရင်ဟိုရဲ့ လက်ဆောင်လေးတစ်ခုလား အားကစားဆောင်းပါးနှင့်အတူ ဖိုသတ္တဝါတို့ မုသားပြောခြင်းသည် မသတ္တဝါတို့ကြောင့်ဟု ဆို၊ တရုတ်မြို့တော်များ အိမ်ခြံမြေ ဈေးကွက်ပြိုမှုသို့ ဦးတည်နေ၊ နိုင်ငံခြားအရန်ငွေ စုပေါင်းသိုလှောင်ရေး အာရှနိုင်ငံများ သဘောတူညီ၊ မလေးရှားရောက် ပြည်ပလုပ်သား ၂၁ ဦး မတရားအနှိမ်ခံရ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်က အမှတ်(၃) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန့်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စုပေါင်းအလှူဒါနပြုပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း ကော့မှူးမြို့နယ်ရှိ အောင်ဇဗ္ဗူပရဟိတဂေဟာ၊ အောင်မင်္ဂလာပရဟိတဂေဟာနှင့် ကျုံပျော်မြို့နယ်ရှိ ရေစခန်း ပရဟိတဂေဟာတို့မှ ကလေးများနှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသူ ကျောင်းသားများအား စာအုပ် စာရေးကိရိယာနှင့် တစ်ရက်စာ အာဟာရကျွေးမွေးခြင်း၊ ကော့မှူးမြို့နယ်မှ သက်ကြီးရွယ်အိုများအား လှူဒါန်းခြင်းတို့ကို OD Tour မိသားစုနှင့် မိတ်ဆွေများ၊ ရန်ကုန်နှင့် မန္တလေးမှ မြတ်မန္တလာထွန်း မိသားစုနှင့် ညောင်ရွှေမြို့မှ ဟိုပင်ဟိုတယ်မိသားစုတို့ စုပေါင်း၍ မေ ၂၀ ရက်တွင် ဖော်ပြပါဂေဟာများ၌ အလှူဒါန ပြုလုပ်မည်ဖြစ်ပြီး တွံတေး ရွှေဆံတော်စေတီကိုပါ ဖူးမြော်ကြမည်ဖြစ်သည်။ လိုက်ပါလှူဒါန်းလိုသူများ အမှတ် ၅၂ ကျွန်းတောလမ်း စမ်းချောင်း ရန်ကုန်မြို့ ဖုန်း-၅၁၄၈၀၈၊ ၅၃၇၈၇၂၊ ၀၉-၅၁-၀၈၀၈၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)

၁၄-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၈။	ကုန်စည်တိုးပွားတွံတေးတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
၁၇း၀၀	၅။	အကပဒေသာ
၁၇း၁၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၂၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၃၀	၈။	**လက်တွေ့ပြချင်လို့** ဖြိုးငွေစိုး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ကြည်စိုး)
၁၇း၄၀	၉။	အာဆီယံနိုင်ငံများအချင်းချင်းပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံနှင့် လူကုန်ကူးမှုပြဿနာ)
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၁၉း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာ ဘဝပင် ခြားသော်လည်း** (အပိုင်း-၁၈)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၉)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မိတ္ထီလာ (သပြေ၀) ပင်မဓာတ်အားပေးခွဲရုံ ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၁၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၁၂ရက်က ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) မိတ္ထီလာ (သပြေ၀) ပင်မဓာတ်အားပေးခွဲရုံ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန အင်ဂျင်နီယာချုပ် ဦးအေးသော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရုပ်ပုံကားချပ်ဖြင့်

အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားတွင် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း) စီမံကိန်း မန်နေဂျာ (၂) ဦးစန်းတင့်က စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး Three Million Group အုပ်ချုပ်မှုဒါရိုက်တာ ဦးညွန့်သန်းက Control Building ဆောက်လုပ်ခြင်းနှင့် အခြားအဆောက်အအုံများနှင့် မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် အသီးသီးတင်ပြကြသည်။

ဖတ်ကြား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ထို့နောက် မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို မိတ္ထီလာတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်နီလာခိုင်က ဖတ်ကြားတင်ပြသည်။

မင်္ဂလာမော်ကွန်း

ဆက်လက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အုတ်မြစ်တော်စီ ရတနာငွေကြုတ်အား သတ်မှတ်ထားသည့် အုတ်မြစ်စီနေရာတွင် ထည့်သွင်းပေးပြီး မင်္ဂလာအချိန်တွင် နဝရတ်ကိုးပါးရတနာအုတ်များအား သတ်မှတ်ထားသည့် နေရာအသီးသီးတို့တွင် ဝန်ကြီးနှင့် ဌာနအကြီးအကဲများက တစ်ပြိုင်နက်စီချပေးကြပြီး မင်္ဂလာမော်ကွန်းကျောက်စာချပ်ကို ထည့်သွင်းပေးသည်။

ရွှေမိုးငွေမိုး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရတနာအုတ်များအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကာ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရွှေမိုးငွေမိုး ရတနာမိုးရွာသွန်းပေးပြီး အခါတော်ပေးအဖွဲ့က စိန္တာမဏိမန္တာန်တော်အား ရွတ်ဖတ်၍ မင်္ဂလာစည်တော်အဖွဲ့က ပိုင်စေနိုင်စေတီးခတ်ပေးလျက် ချီးမွမ်းထောမနာပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူအဓိဋ္ဌာန်ငါးရက်စခန်း

ရန်ကုန် မေ ၁၃

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်အဓိဋ္ဌာန်ငါးရက် တရားစခန်းပွဲကို ကျေးဇူးရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ၊ အရှင်သုနန္ဒ (သာသနာဒီပ)ဆရာတော်များက မေ ၁၆ရက်မှ၂၀ရက်အထိ (နယုန်လဆန်း ၁ရက်မှ ၅ရက်)တိုင်တိုင်ဟောကြားမည်ဖြစ်သည်။ တရားအားထုတ်လိုသူများ မေ ၁၅ရက် ညနေ၅နာရီအရောက် မှတ်ပုံတင်နှင့်အတူ လာရောက်ကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲအလှူရှင်များ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၇၀၉၈၉၁ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၃၅၂)**

---

၂၁ ရာစု အင်္ဂလိပ်–မြန်မာ အိတ်ဆောင်အဘိဓာန်ထုတ်ဝေ

ရန်ကုန် မေ ၁၃



၂၁ ရာစုခေတ်နှင့်အညီ ခေတ်မီနိုင်ရေးအတွက် သိသင့်သိထိုက်သည့် အင်္ဂလိပ်ဝေါဟာရပေါင်း ၃၀၀၀၀ ကျော်ကို ဖွင့်ဆိုချက်ပြည့်ပြည့်စုံစုံ၊ အနီးစပ်ဆုံး မြန်မာအသုံးအနှုန်းများ တွက်တို့ဖြင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၏ စာတည်းမှူးချုပ် ဦးမောင်မောင်အေး (မောင်မောင်အေး–The New Light of Myanmar) ပြုစုသည့် ၂၁ရာစု အင်္ဂလိပ်–မြန်မာ အဘိဓာန်ကို ပုံနှိပ်ထုတ်ဝေလိုက်ကြောင်းသိရသည်။ ယူနတီစာပေ ရန်ကုန်မြို့ ဖုန်း–၀၉–၅၁–၃၀၉၇၇ က ထုတ်ဝေပြီး တန်ဖိုးမှာ ကျပ် ၁၈၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦးအား ထိုင်းနိုင်ငံသံအမတ်ကြီး တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မေ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Bansarn Bunnag နှင့် အဖွဲ့ဝင်ခြောက်ဦးသည် မေ ၁၂ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ရုံးခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်း–မြန်မာ နှစ်နိုင်ငံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံနှုတ်ဆက်

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Bansarn Bunnag နှင့် အဖွဲ့ဝင်များ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ထို့နောက် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြပြီး ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်က ဧည့်ရိပ်သာရှေ့၌ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဧည့်သည်တော် အိန္ဒိယ ရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်း၌ ကိန်းဝပ် စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ကပ်လှူပူဇော်ကြ၍ ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရန် ယနေ့ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့်ဇနီး၊ ချပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့် ဇနီးတို့က ကြိုဆိုကြသည်။

အမှတ်တရလက်ဆောင်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်အား လေဆိပ်ဧည့်ခန်းမ၌ ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗွီစီဒီခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ်ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အိန္ဒိယ ရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ၁၂နာရီ မိနစ် ၅၀တွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့်ဇနီး၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၁၅ ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတအဖွဲ့ဥက္ကဋ္ဌ (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဦးစိန်တင့်၏ ကိုယ်စား ပြန်ကြားရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းက ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြု ဆရာဦးမြင့်လွင် (သန့်တည်ပွား) အဖွဲ့သို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ အဖွဲ့ကိုယ်စား (သန့်တည်ပွား) ယောဂီဦးလှမြင့်နှင့် အဖွဲ့က လက်ခံယူစဉ်။ (က–ပ)

ဩဝါဒါစရိယ ဆရာတော်ကြီးများအား နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် မေ ၁၃

ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀) အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာ ဘိဝံသ၊ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်ဆန်းမဟာမြိုင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သုရိယ၊ ညောင်ကန်အေးဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကုဏ္ဍက၊ မဟာသံ့သာရဆရာတော် ပထမကျော် ဓမ္မာစရိယ ဘီအက်စီ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမာရ၊ စဉ့်ကူဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမ၊ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ၊ ဝါခင်းတောင်ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသနှင့် ညောင်ပင်သာ ဆရာတော် ဘဒ္ဒန္တ မာလာစာရတို့အား ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ညောင်ပင်သာ ကျောင်းတိုက်၌ နဝမအကြိမ်မြောက်အဖြစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဝါဆိုသင်္ကန်း တစ်စုံလျှင်ငွေကျပ် ၂၄၃၀ ဖြင့် ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀) အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ် ဖုန်း ၆၄၂၈၅၈၊၆၄၀၄၈၇၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ အင်းစိန်မြို့နယ်၊ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့် (စိုင်းဘုန်းထူး ဗီဒီယို–ဓာတ်ပုံ) အမှတ် ၁၀၀ ၄၈လမ်း ရန်ကုန်မြို့ ဖုန်း ၂၈၂၉၅၃၊ ဖူဂျီဓာတ်ပုံဆိုင် အမှတ် ၁၆၅/၁၆၇ အနော်ရထာလမ်း ၃၄ လမ်းထိပ် ဖုန်း–၇၀၀၁၃၆နှင့် ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့ အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာဟော်ကီလက်ရွေးစင်ဟောင်းအသင်းနှင့် ပဏာမလက်ရွေးစင်အသင်းတို့လက်ရည်စမ်းပွဲကျင်းပ

ရန်ကုန် မေ ၁၃

မြန်မာ ဟော်ကီလက်ရွေးစင်ဟောင်းအသင်းနှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသော မြန်မာဟော်ကီပဏာမ လက်ရွေးစင်အသင်းတို့၏ လက်ရည်စမ်းပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီမြက်ခင်းတုဟော်ကီအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ် (Tong Tah) နှင့် အမှုဆောင်များ၊ ဟော်ကီနည်းပြ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရရှိ

လက်ရည်စမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ မြန်မာဟော်ကီအသင်း နည်းပြချုပ်အရာခံဗိုလ်ပြုံးကြည်၊ ဟော်ကီနည်းပြသင်တန်းအတွက် ရန်ကုန်မြို့သို့ရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်မှ နည်းပြဆရာ ပါကစ္စတန်နိုင်ငံမှ Mr. K.M Awaisတို့ပါဝင်သော မြန်မာဟော်ကီ လက်ရွေးစင်ဟောင်းများအသင်းနှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသော မြန်မာဟော်ကီပဏာမ လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာဟော်ကီ ပဏာမလက်ရွေးစင်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လေ့ကျင့်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာဟော်ကီအသင်း အောင်မြင်မှုရရှိရေးအတွက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက အထူးကြီးကြပ်၍ ပြင်းထန်စွာ လေ့ကျင့်ပေးလျက်ရှိသည်။

ဆက်သွယ်

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းကို လေ့ကျင့်ပေးနိုင်ရန်အတွက် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဟော်ကီနည်းပြဆရာတစ်ဦး ရရှိရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟော်ကီလက်ရည်စမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသော မြန်မာ့ဟော်ကီလက်ရွေးစင်ဟောင်းအသင်းနှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့ဟော်ကီ ပဏာမလက်ရွေးစင်အသင်းတို့ လက်ရည်စမ်းပြိုင်ပွဲအပြီးတွင် တွေ့ရစဉ်။

(ဟော်ကီအဖွဲ့ချုပ်)

အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ သဘာဝဓာတ်ငွေ့သိုက်များတွေ့ရှိ

နယူးဒေလီ မေ ၁၃

အိန္ဒိယနိုင်ငံ၏ သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းဖြစ်သော ကာရင်းအိန္ဒိယ လုပ်ငန်းက အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျက်စသန်အရပ်တွင် သဘာဝဓာတ်ငွေ့ သိုက်နှစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒို–အာရှသတင်းဌာနက မေ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

ရာဂျက်စသန်ဒေသတွင် ရှာဖွေတွေ့ရှိသော ဓာတ်ငွေ့များမှာ ကမ္ဘာ့အဆင့်မီပြီး အကျိုးအမြတ်များစွာ ရရှိနိုင်ကြောင်း ကာရင်းအိန္ဒိယလုပ်ငန်းမှ အကြီးအကဲ ရာဟူဒီပီရာက ပြောကြားသည်။

ယူမှုနှင့် ရှာဖွေမှု ၁၅ ခုတွင် စိတ်ဝင်တစားလုပ်ကိုင်လျက်ရှိသည်။ အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေး လုပ်ကွက် ၁၅ ခုအနက်မှ နှစ်ခုတွင် သဘာဝ ဓာတ်ငွေ့များ ထုတ်ယူနိုင်ရန် တွေ့ရှိခြင်းဖြစ်သည်။

တွေ့ရှိ

ကာရင်းအိန္ဒိယ လုပ်ငန်းသည် လောလောဆယ်တွင် ဓာတ်ငွေ့ထုတ်

ရှာဖွေတူးဖော်

ကာရင်းအိန္ဒိယ လုပ်ငန်းသည် ၂၀၀၄ ခုနှစ်မှစတင်ကာ အိန္ဒိယနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုလံဘီယာနိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘိုဂိုတာ မေ ၁၃

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း ကျေးလက်ဒေသတစ်ခုတွင် မေ ၁၀ရက်က တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ပြောက်ကျားများက ဗုံးဖောက်ခွဲမှုကြောင့် ကိုလံဘီယာစစ်သား၁၀ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် အရာရှိနှစ်ဦးနှင့် တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဤ တိုက်ခိုက်မှုသည် ယခုသီတင်းပတ်အတွင်း ကိုလံဘီယာလုံခြုံရေးတပ်ဖွဲ့များ အပေါ် ဒုတိယမြောက် အဓိကတိုက်ခိုက်မှုကြီးဖြစ်သည်။ ယင်းနိုင်ငံမြောက်ပိုင်း ဆန်တန်ဒါပြည်နယ်တွင် မူးယစ်ဆေးဝါး တန်ပြန်စစ်ဆင်ရေးဆင်နွှဲစဉ် မေ ၉ရက်က အက်ဖ်အေအာစီအဖွဲ့က ဗုံးခွဲတိုက်ခိုက်မှု ကြောင့် ရဲအရာရှိကိုးဦး သေဆုံးခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဆိုယုဇ်စ် လွန်းပြန်ယာဉ်

ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနာမြို့မှ ဆိုယုဇ်စ်လွန်းပြန်ယာဉ်အား နိုင်ငံတကာအာကာသစခန်းသို့ မေ၁၂ရက်က လွှတ်တင်လိုက်သည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောလမ်းကို မေ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ၌ အစားအစာနှင့် ဆေးဝါးဖူလုံရေး ဆောင်ရွက်

ပေကျင်း မေ ၁၃

တရုတ်နိုင်ငံသည် အစားအစာနှင့် ဆေးဝါးဖူလုံရေး ငါးနှစ်စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းမှာ အစားအစာနှင့် ဆေးဝါးများ အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်း အစီအစဉ်ကို နိုင်ငံတော်ကောင်စီက ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း၊ ယင်းမှာ ၂၀၁၀ပြည့်နှစ်တွင် နိုင်ငံ၏ ရာခိုင်နှုန်း၉၀ကို အစားအစာဖူလုံရန် ဆောင်ရွက်သွားခြင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အရည်အသွေးအနေဖြင့် လယ်ယာထုတ်ကုန်ပစ္စည်း အမြောက်အမြားကို ၂၀၁၀ ပြည့်နှစ်တွင် မြို့ကြီး၊ မြို့လတ်များရှိ ဈေးကြီးများ၌ လတ်လတ်ဆတ်ဆတ် ထုတ်လုပ်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ပိုမိုတည်ဆောက်

အဆိုပါ အစီအစဉ်တွင် ဆေးဝါးများ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရေးအတွက်လည်း စစ်ဆေးရေးအဖွဲ့များ ထူထောင်ပေးပြီး ဆေးနှင့် ဆေးပစ္စည်းကြီးကြပ်ရေး သင်တန်းကျောင်းများလည်း ပိုမိုတည်ဆောက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ အသေခံကားဗုံးခွဲ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ခိုစ့် မေ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ ပါကစ္စတန်နယ်စပ်အနီးတွင် မေ၁၁ရက်က အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် ယာဉ်တန်းတစ်ခုအတွင်းသို့ အသေခံ ကားဗုံးခွဲသူက ၎င်း၏ကားကို မောင်းနှင်ဗုံးခွဲသဖြင့် အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရကြောင်း အာဖဂန်အစိုးရနှင့် နိုင်ငံစုံ တပ်ဖွဲ့ဝင်အရာရှိများက ပြောကြားသည်။

အရှေ့တောင်ပိုင်း ပါတီကာပြည်နယ် အာဂန်ခရိုင်အတွင်း လမ်းပေါ်မှ အခင်းဖြစ်ပွားရာနေရာကို တပ်ဖွဲ့ဝင်များက ဝိုင်းထားကြောင်း ပြည်နယ်အရာရှိများက ပြောကြားသည်။ ထိုဒေသအတွင်းတွင် နေတိုးနှင့် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ စစ်ဆင်နေသည်။ အသေခံကားဗုံးခွဲသူမှာ စစ်သွေးကြွ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရုရှားနှင့် တာ့မင်နစ္စတန်ကဏ္ဍစုံ ပူးပေါင်းမည်

အမ်မာတီ မေ ၁၃

ရုရှားနှင့် တာ့မင်နစ္စတန် နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တာ့မင်နစ္စတန်နိုင်ငံသမ္မတ ဂူရာဘင်ဂူလီဘာဒီမူကာမီဒိုဗ်တို့ မေ ၁၁ရက်က သဘောတူညီလိုက်ကြသည်။

နှစ်နိုင်ငံတို့သည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရေး ကတိပြုခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ် ကားထုတ်လုပ်ရောင်းချမှု မြင့်တက်

ဟနွိုင်း မေ ၁၃

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်ပထမလေးလတွင် ကားဖက်စပ်ထုတ်လုပ်ရောင်းချရမှုသည် စုစုပေါင်းကားစီးရေ ၁၆၈၆၀ရှိခဲ့ရာ ယမန်နှစ်အလားတူကာလကထက် နှစ်ဆနီးပါးမြင့်တက်လာကြောင်းဒေသ ဆိုင်ရာစက်မှုအသင်းက မေ ၁၁ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ ကားထုတ်လုပ်ရောင်းချရမှုမှာ ဧပြီလတစ်လတည်း၌ပင် ကားစီးရေ ၄၆၈၂ စီးရှိခဲ့ရာ ပြီးခဲ့သည့် ဧပြီလကထက် ၈၃ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ငလျင်သုံးကြိမ်လှုပ်

ဂျကာတာ မေ ၁၃

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလုကုပြည်နယ်၌ မေ ၁၁ ရက် နံနက်ပိုင်းက ငလျင်ငယ်သုံးကြိမ်လှုပ်ခဲ့ကြောင်း မိုးလေဝသနှင့် ဘူမိဗေဒကျွမ်းကျင်ပညာရှင်အရပ်က ဂျကာတာ၌ မေ ၁၁ရက်တွင် ပြောကြားသည်။

အဆိုပါငလျင်များမှာ ရစ်ချ်တာစကေး ၅ဒသမ ဝ၊ ၄ ဒသမ ၉နှင့် ၄ဒသမ ၂ အသီးသီးရှိကြောင်း၊ ထိခိုက် ပျက်စီးမှုသတင်းများ မသိရသေးကြောင်း အဆိုပါကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကနေဒါအမျိုးသမီး ကျားကိုက်၍သေဆုံး

ဗန်ကူးဗား မေ ၁၃

ကနေဒါနိုင်ငံအနောက်ပိုင်း ဗန်ကူးဗားမြို့ အရှေ့မြောက်ဘက် ဘရစ်လိတ်ရှိ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူထားသော ကျားတစ်ကောင်က အမျိုးသမီးတစ်ဦးအား ကိုက်သတ်လိုက်သည်။

အသက်(၃၂)နှစ်ရှိ အဆိုပါအမျိုးသမီးသည် ကျားပိုင်ရှင်၏ သူငယ်ချင်းဖြစ်ပြီး မေ ၁၀ရက်က အဆိုပါ ကျားလှောင်အိမ်အတွင်း အစာကျွေးစဉ် ကျားက အမျိုးသမီး၏ ခြေထောက်ကို လှမ်းဖမ်းဆွဲ ကိုက်စားလိုက်ရာ ဆေးရုံအရောက်တွင် သွေးလွန်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဆဲလ်ဖုန်း

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အဆင့်မြင့် ထုတ်ကုန်ပြပွဲတစ်ခု၌ ပြသထားသည့် ဆဲလ်ဖုန်းကို မေ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရေနံတူးဖော်

တရုတ်နိုင်ငံ ဟေဘေး ပြည်နယ် မြောက်ပိုင်း ဘိုဟိုင်းပင်လယ်အော် အတွင်းရှိ ရေနံတူးဖော်ရေးလုပ်ငန်းကို မေ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သတင်းပြန်ကြားရေးနည်းပညာများ တိုးတက်သိရှိနိုင်ရေး နီပေါကျေးလက်များ၌ အီလက်ထရွန်နစ်ဌာနများထူထောင်မည်

ခတ္တမန္ဒူ မေ ၁၃

ကျေးလက်ပြည်သူများ သတင်းပြန်ကြားရေးနည်းပညာများ တိုးတက်သိရှိနိုင်ရေး ဆောင်ရွက်မှုတစ်ရပ်အဖြစ် ကျေးလက်များတွင် အီလက်ထရွန်နစ်ဌာနများကို နီပေါအစိုးရက ထူထောင်ပေးသွားမည်ဖြစ်ကြောင်း နီပေါ အမျိုးသား သတင်းဌာန အာအက်စ်အက်စ်က မေ ၉ ရက်၌ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

အဆိုပါအစီအစဉ်ကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နီပေါ ကျေးလက်ဒေသများတွင် အီလက် ထရွန်နစ်ဌာန ငါးခုကို ထူထောင်ပေး သွားမည် ဖြစ်သည်။

ဆွေးနွေး

ထိုသို့ အီလက်ထရွန်နစ်ဌာနများ ထူထောင်ခြင်းနှင့် ပတ်သက်ပြီး အလုပ် ရုံဆွေးနွေးပွဲ တစ်ခုကို ကျင်းပကာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးသွား မည်ဖြစ်သည်။

အသုံးပြုနိုင်

ယခုကဲ့သို့ အီလက်ထရွန်နစ်ဌာန များ ထူထောင်ပေးခြင်းဖြင့် အိုင်တီနည်း ပညာကို ကျေးလက်နေပြည်သူများက အခြေခံသဘောတရားမှ တစ်ဆင့် အခြား အိုင်တီအခွင့်အလမ်းများကို ရယူ အသုံးပြုနိုင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်၃၃၈၅ဦးရှိပြီ

ဘဂ္ဂဒက် မေ ၁၃

အီရတ်နိုင်ငံအတွင်း သီးခြားတိုက်ပွဲများအတွင်းတွင် မေ ၁၀ ရက်က အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရသွားကြောင်း အမေ ရိကန်စစ်ဘက်က မေ ၁၁ ရက်တွင် ကြေညာသည်။

တာဝန်ထမ်းဆောင်

ဒိုင်ယာလာပြည်နယ်အတွင်း စစ်ဆင်ရေးများတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ဒဏ်ရာရသူနှစ်ဦးမှာ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ပြီဟုလည်း ထည့်သွင်း ဖော်ပြထားသည်။

ဖော်ပြ

ဘဂ္ဂဒက်မြို့တော် တောင်ဘက် စစ်ဆင်ရေးများတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး ရန်သူ့ကျည်မှန်ပြီး သေဆုံးရကြောင်း အခြားသောကြေညာချက်တွင် ဖော်ပြသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော်တောင်ဘက် ကီလိုမီတာ ၁၈၀အကွာရှိ ဒိုင်ပါနီယာ ပြည်နယ်အတွင်း မေ ၁၀ ရက် ညနေ ၅ နာရီခန့်က ရရှိသောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နောက်တစ်ဦး သေဆုံးသွားရကြောင်း ကြေညာချက် တွင် ဖော်ပြပါရှိသည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီးနောက်ပိုင်း အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ အမေရိကန်စစ်ဌာနချုပ် စာရင်းများအရ ၃၃၈၅ ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ချီလီ၊ အီကွေဒေါနှင့်ပီရူးတို့ ရေပြင်ပိုင်နက် ပူးတွဲကာကွယ် စောင့်ရှောက်ကြမည်

ဆန်တီရာဂို မေ ၁၃

ပီရူးနိုင်ငံနှင့်အတူ ပင်လယ်ပြင်ပိုင်နက် ကာကွယ်စောင့်ရှောက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရန် ချီလီနှင့် အီကွေဒေါနိုင်ငံများက မေ ၁၀ ရက်၌ ဆွေးနွေးမှုများ ပြန်လည်စတင်လိုက်သည်။

ချီလီနှင့် အီကွေဒေါ နိုင်ငံတို့ အနေဖြင့် ပင်လယ်ပြင်ပိုင်နက်ပူးတွဲ ကာကွယ်စောင့်ရှောက်ရေးကို ၁၉၅၂ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်တွင် လက်မှတ် ရေးထိုးခဲ့ပြီးဖြစ်သော်လည်း ယခုအခါ သုံးနိုင်ငံအကြား ပင်လယ်ရေပြင်ပိုင်နက် နှင့်ပတ်သက်၍ ပူးပေါင်းလုပ်ဆောင် ရန် လိုအပ်နေကြောင်း ချီလီနှင့် အီကွေဒေါ နိုင်ငံတို့က ထုတ်ပြန် သော ပူးတွဲသတင်းထုတ်ပြန်ချက် တစ်ရပ်၌ ဖော်ပြသည်။

ထုတ်ပြန်

ချီလီနိုင်ငံခြားရေးဝန်ကြီး အလက် ဂျန်ဒရိုဖောက်လေရီရိုစီကိုနှင့် အီကွေဒေါ နိုင်ငံခြားရေးဝန်ကြီး မာရီရာဖာနန် ဒါအီစပင်နိုဇာတို့ တွေ့ဆုံဆွေးနွေး ပြီးနောက် အဆိုပါသတင်းကို ထုတ်ပြန် ခဲ့ခြင်းဖြစ်သည်။

ပြောကြား

ယခုကဲ့သို့ ပင်လယ်ပြင်ပိုင်နက် ကာကွယ်စောင့်ရှောက်ရေး အစီအစဉ် သည် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေ နိုင်ငံများအား တစ်စုံတစ်ရာ ပြဿနာ ဖြစ်ပွားစေရန် လုပ်ဆောင်မည်မဟုတ် ကြောင်း ချီလီနိုင်ငံခြားရေး ဝန်ကြီး ဖောက်လေရီရိုစီကိုက ပြောကြား သည်။

ပီရူးနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ ရေပြင်တွင် စတုရန်း ကီလိုမီတာ ၃၀၀၀၀ အထိ ရေပြင်ပိုင်နက် ပိုင်ဆိုင် ထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ် လူ ၃၀ ကျော်သေဆုံး၊ ဒဏ်ရာရသူများပြား

လပ်နောင်း မေ ၁၃

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မေ ၁၂ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ပြီး လူ ၃၀ ကျော် သေဆုံးသွား ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

ပျက်စီး

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိ ဆူလ်တန်ပူရာမြို့ တွင် မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ၂၄ ဦး သေဆုံးခဲ့ရပြီး နေအိမ်နှင့် အဆောက်အအုံများစွာ ပျက်စီးခဲ့ရသည်။

မိုးကြိုးပစ်

ထို့အတူ ဆူလ်တန်ပူရာမြို့အနီး ပရာတာဂတ်မြို့တွင်လည်း မုန်တိုင်း တိုက်ခတ်ချိန်တွင် မိုးကြိုးပစ်ချမှုကြောင့် သုံးဦးသေဆုံးခဲ့ရကြောင်း ပရာတာ ဂတ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ လျှပ်စစ် ဓာတ်ကြိုးများ ပြတ်ကျခြင်းနှင့် အဆောက်အအုံများ ပြိုကျမှုတို့ဖြစ်ပွားပြီး လူနှစ်ဒါဇင် ဒဏ်ရာရရှိခဲ့သည်။

ပြတ်တောက်

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ် ဓာတ်အားများလည်း ပြတ်တောက်သွားခဲ့ကြောင်း အဆိုပါရဲတပ်ဖွဲ့က ပြောကြား သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကျားနှင့်ခွေးတို့ မိတ်ဆွေဖြစ်

ကျားနှင့်ခွေးတို့ မိတ်ဆွေဖြစ်နေကြသည်ကို တွေ့ရစဉ်။ (ယာပုံ)

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဟီဂါရှီကာဂါဝါမြို့ ရှိရိုတိုရီ တိရစ္ဆာန်ဥယျာဉ်အတွင်း ၁၄ ရက်သားအရွယ် ကျားပေါက်လေး တစ်ကောင်နှင့် ခွေးတစ်ကောင်တို့မှာ ချစ်ခင်စွာ မိတ်ဆွေဖြစ်လျက် ရှိကြောင်း သိရသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၂၇၀၀ ခန့်က ကြေးတုံး

မြေအောက်မှ တူးဖော်ရရှိသော ရှေးခေတ်ကြေးတုံးကြီး တစ်တုံးကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ကြေးတုံးကြီးကို ဂရိနိုင်ငံတောင်ပိုင်း အာဂို့စ်မြို့တွင် မြေအောက်မှ တူးဖော်တွေ့ရှိရခြင်းဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၇၀၀ ခန့်က ဂရိလူမျိုးတို့ ဝမ်းနည်းမှု ကြုံတွေ့ရသည့်အခါ အသုံးပြုလေ့ ရှိသည့် ကြေးတုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပရီမီယာလိဂ်ကွင်းပိတ်ပွဲ မန်ယူဖလားဆွတ်ခူး ရှက်ဖီးအသင်း ဝီဂန်ကိုရှုံးနိမ့်ပြီး တန်းဆင်းသွားရ

သတင်းမြင်ကွင်း – မြင့်ခိုး

အိုးထရက်ဖို့ဒ်၌ မန်ယူကစားသမားများ ဤသို့ ပရီမီယာလိဂ်ဖလားနှင့်အတူ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။

(အင်တာနက်)

လန်ဒန် မေ ၁၃

ပရီမီယာလိဂ် နောက်ဆုံးပွဲအဖြစ် ယနေ့ ယှဉ်ပြိုင်ကစားအပြီး မန်ချက်စတာ ယူနိုက်တက်အသင်းသည် ပွဲပေါင်း၃၈ပွဲကစား ၂၈ပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံးပြီး ရမှတ်၈၉ မှတ်ဖြင့် ပရီမီယာလိဂ်ဖလားကို လေးနှစ်အတွင်း ပထမဆုံးပြန်လည် ရယူနိုင်ခဲ့ပြီဖြစ်သည်။

ကောင်းချီးသြဘာပေး

ထိုနေ့က မန်ယူတို့ အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သော်လည်း နည်းပြဖာဂူဆန်သည် ဆုဖလား လက်ခံရယူရန် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပွဲအပြီး ကွင်းအတွင်းဝင်ရောက်လာရာမန်ယူပရိသတ်များက ကောင်းချီးသြဘာပေး၍ ဂုဏ်ပြုခဲ့ကြသည်ကို တွေ့ရသည်။

ထိုနေ့က ချယ်လ်ဆီးအသင်းသည် အဲဗာတန်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

တိုက်ရိုက်ဝင်ခွင့်ရ

ချယ်လ်ဆီး အသင်းသည် ယခုနှစ် ပရီမီယာလိဂ် ပွဲစဉ် (၃၈) အပြီး ၃၈ ပွဲကစား ၂၄ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ သုံးပွဲရှုံးကာ ရမှတ် ၈၃မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာ ရရှိခဲ့ရာ လာမည့်နှစ်ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့် ရရှိသွားသည်။

ဝင်ခွင့်နေရာရ

ထိုနေ့က လီဗာပူးအသင်းသည် ချာလ်တန်ကို နှစ်ဂိုးစီ သရေကျခဲ့သဖြင့် အမှတ်ပေးဇယား တတိယနေရာ ရရှိပြီး ရမှတ်၆၈မှတ်ဖြင့် လာမည့်နှစ် ချန်ပီယံလိဂ် ခြေစစ်ပွဲ ဝင်ခွင့်ရရှိခဲ့သည်။ အလားတူ အာဆင်နယ်အသင်းသည် အိမ်ကွင်း၌ ဂိုးမရှိသရေကျသော်လည်း လာမည့်နှစ်တွင် စတုတ္ထနေရာ ရရှိခဲ့သဖြင့် ချန်ပီယံလိဂ်ခြေစစ်ပွဲ ဝင်ခွင့် နေရာရရှိသွားသည်။

ထို့အတူ တော့တင်ဟမ်၊ အဲဗာတန်နှင့် ဘော်လ်တန်တို့သည် လာမည့်နှစ် ယူအီးအက်ဖ်အေ ဝင်ခွင့်နေရာ ရရှိသွားကြသည်။

ထိုနေ့က ရှက်ဖ်ဖီးအသင်းသည် တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် အကြိတ်အနယ် ကြိုးစားသော်လည်း ဝီဂန်အသင်းကိုနှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး တန်းဆင်းသွားရပြီဖြစ်သည်။ ၎င်းနှင့်အတူချာလ်တန်အသင်းနှင့်ဝက်ဖို့ဒ်အသင်းများလည်း တန်းဆင်းအသင်းများဖြစ်ခဲ့ရပြီဖြစ်သည်။ **(အင်တာနက်)**

* *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေလှဲရေထုတ်မြောင်းအတွင်းရေစီးဆင်းနေမှုအခြေအနေနှင့် ပိတ်ဆို့မှု မရှိအောင် လုပ်ဆောင်ထားမှုအခြေ အနေများအားလည်းကောင်း၊ ပင်မတမံချောင်းပိုင်း E1-108မြေကြီး ကျောက်သားဖို့ခြင်း လုပ်ငန်းပြီးစီးနေမှုနှင့် ကျောက်စီခြင်းလုပ်ငန်းအားလည်းကောင်း၊ဆက်လက်၍ မြေကြီးကျောက်သားဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား လည်းကောင်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းများ တပ်ဆင်နေမှုအားလည်းကောင်း၊ ဓာတ်အားပေးစက်ရုံမြေကြီး ကျောက်သားတူးဖော်နေမှုအားလည်းကောင်း၊ ရေယူအဆောက်အအုံကွန်ကရစ်သွန်းလောင်းနေခြင်းအားလည်းကောင်း၊ ပင်မရေပိုလွှဲတူးဖော်နေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

လုပ်ကိုင်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည်စီမံကိန်းမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ မိုးကာလအတွင်း လုပ်ဆောင်ရမည့်လုပ်ငန်းများအား စဉ်ဆက်မပြတ်လုပ်ကိုင်ကြရေး၊ အလေအလွင့်နည်းပါးရေး၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများပြည့်မီရေး၊ ယာဉ်နှင့် စက်ယန္တရားကြီးများအား ကြံ့ခိုင်မှုများ အစဉ်ပြုလုပ်သွားကြရေး၊ စီမံကိန်းလုံခြုံရေးအား အထူးကြပ်မတ်ကြရေး၊ သတ်မှတ်ကာလထက်စော၍ ပြီးစီးစေရန် အားသွန်ခွန်စိုက် တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များအား မှာကြားသည်။

ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၅၃ဒသမ၀၃ ရာခိုင်နှုန်းပြီးစီးနေပြီး စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား၇၅မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၂၆၂သန်း ထုတ်လုပ်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးသည် ဇီးဖြူတောင် အစမ်းတွင်း အမှတ်(၁)ကို တွင်းတူး မောင်းတံအားနှိပ်၍ စတင်တူးဖော်ပေးပြီး တွင်းတူးစင်နှင့် တူးဖော်ရေး ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးကာ တွင်းတူးစက်ဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီးသည် တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသား ပညာရှင်များနှင့် တွင်းတူးစက်ဝန်ထမ်းများအားလည်းကောင်း၊ Silver Wave Sputnik Petroleum Pte., Ltd.နှင့် Silver Wave Energy Pte. Ltd.တို့ ကိုယ်စား ဦးမင်းမင်းအောင်က တွင်းတူးစက်ဝန်ထမ်းများအားလည်းကောင်း၊ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများကိုအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယခုစမ်းသပ်တူးဖော်မည့် ဇီးဖြူတောင် အစမ်းတွင်း အမှတ်(၁)သည် စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် ကုန်းတွင်းလုပ်ကွက်အမှတ်–B 2တွင် တည်ရှိပြီး မိုင်အိုစင်းသက်တမ်း ကျောက်စဉ်စုသဲကြောများနှင့် အီအိုစင်းသက်တမ်း ကျောက်စဉ်စုသဲကြောများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် အလားအလာများကို ရှာဖွေတူးဖော် စမ်းသပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အီရတ်မြောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်၊ အနည်းဆုံး လူ ၄၅ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၃

အီရတ်နိုင်ငံမြောက်ပိုင်း မတ်ခ်မာမြို့၌ မေ၁၃ရက်က ထရပ်ကားဖြင့် ဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံးလူ၄၅ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်သူများသည် ကာ့ဒ်ပါတီ ဦးဆောင်သောရုံးများအတွင်းသို့ ထိုးချပြီး ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

သား၊ငါးအရောင်းဆိုင်များ နေရာရွှေ့ပြောင်းပေးပါ

စာတည်းခင်ဗျား–

မအူပင်မြို့ (၇)ရပ်ကွက်အတွင်း၌ လူနေအိမ်ခြံများနှင့် ကပ်လျက်ဆောက်ထားသောဈေး၏ သား၊ငါးအရောင်းဆိုင်များမှ သား၊ငါး အညှီနံ့များ၊ ငါးပိနံ့များ၊ သား၊ငါးအကြွင်းအကျန်များမှ အပုပ်နံ့များ၊ ဆိုင်များပေါ်မှစွန့်ပစ်သော အညစ်အကြေးများ၊ ဆိုင်များအောက်မှ ရေပုပ်ရေသိုးများ၏ အနံ့ဆိုးအမျိုးမျိုးကြောင့် အနီးရှိအိမ်များမှလူများ ကျန်းမာရေးထိခိုက်ရပါသည်။

သို့ပါ၍ အဆိုပါသား၊ငါးအရောင်းဆိုင်များကို ဈေး၏သင့်တော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ခံစားနေရသူများ

ထုရိုက်သံ နားမခံသာ

စာတည်းရှင့်–

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ ဘုရင့်နောင် (၁)လမ်း အရှေ့ပိုင်းတွင် သံသေတ္တာလုပ်ငန်း ဆိုင်မှ ပီပါပုံးဖွင့်သံ၊ ဖြန့်သံနှင့် ထုရိုက်သံတို့ကြောင့် ပတ်ဝန်းကျင်မှ နားမခံသာဖြစ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

(၉၇)လိုင်းကားများ ယာဉ်စီးခ ပိုတောင်းနေ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ဆူးလေ–အောင်ဆန်း ပြေးဆွဲနေသော (၉၇) လိုင်းကားများသည် ယာဉ်စီးခ ဆူးလေ–အောင်ဆန်း ဂိတ်စ၊ ဂိတ်ဆုံး ကျပ် ၈၀ သတ်မှတ်ထားသော်လည်း ယာဉ်လိုင်းများအားလုံး ငွေကျပ် ၁၅၀ တောင်းခံနေပါ၍ လိုအပ်သလို စိစစ်ကြပ်မတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

နောက်ဖေးလမ်းကြား အမှိုက်ပုံ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၈လမ်း အောက်လမ်း(ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား)ရှိ နောက်ဖေးလမ်းကြားတွင် အမှိုက်များ စုပုံနေသည်မှာ ကြာမြင့်နေပြီ ဖြစ်ပါ၍ လိုအပ်သလို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာလိုသူ

ရေပိုက်များ စစ်ဆေးပေးပါရန်

စာတည်းခင်ဗျား–

တောင်ဥက္ကလာပ မြို့နယ် ၆ရပ်ကွက် မင်းခေါင်လမ်း၊ မင်းခေါင် ၂ လမ်းနှင့် တခြားလမ်းသွယ်များတွင် သွယ်တန်းထားသော ရေပိုက်များမှ ညစ်ညမ်းသော ရေများသာ ရရှိနေပါသဖြင့် သက်ဆိုင်ရာမှ စစ်ဆေးပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

စည်းကမ်းမဲ့ ဈေးသည်များ စိစစ်ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား–

ဒဂုံမြို့သစ်(တောင်ပိုင်း)၁၈ရပ်ကွက် မောင်းမကန် ကန်သာလမ်းပေါ်တွင် ကျူးကျော်ဈေးသည်များ၊ သားစိမ်း၊ ငါးစိမ်းရောင်းချသည့် ဈေးသည်များ လမ်းမပေါ်တွင် စည်းကမ်းမဲ့စွာရောင်းချသဖြင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါ၍ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်မောင်းတစ်ဦး

စက်ဘီးအပ်နှံရေးစခန်းကြောင့် ဈေးဝပိတ်ဆို့နေ

စာတည်းခင်ဗျား–

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ဈေးရှေ့တွင် သက်ဆိုင်ရာမှ ခွင့်ပြုချက်မရရှိဘဲ တရားမဝင် စက်ဘီးအပ်နှံရေးစခန်း ထားရှိသဖြင့် ဈေးဝပိတ်ဆို့၍ အများ ပြည်သူများ သွားလာမှုခက်ခဲလျက်ရှိပါသဖြင့် သင့်တော်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

လဲပြိုကျလု ဓာတ်တိုင် ပြင်ပေးစေလို

စာတည်းခင်ဗျား–

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၅ ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် သခင်မြလမ်းရှိ လျှပ်စစ်မီးကြိုး သွယ်တန်းထားသော ဓာတ်တိုင်မှာ လဲပြိုကျလုမတတ် ယိမ်းယိုင်နေပါသဖြင့် လျှပ်စစ်အန္တရာယ် ဖြစ်နိုင်သောကြောင့် ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

လျှပ်စစ်အန္တရာယ်စိုးရိမ်သူ

အိမ်ခြံများ တိုးချဲ့ကာရံမှုကြောင့် လမ်းကျဉ်းမြောင်း

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အထောင်ရွာ ဈေးအဝင်လမ်းဖြစ်သော မင်္ဂလာသိပ္ပံလမ်းသည် ယခင်က ကားကြီးများ ဝင်ထွက်သွားလာနိုင်သော်လည်း ယခုအခါ လမ်းဘေးဝဲယာမှ အိမ်များ၏ ခြံများတိုးချဲ့ကာရံမှုကြောင့် လမ်းကျဉ်းမြောင်းလာရာ မီးဘေးအန္တရာယ် ပေါ်ပေါက်ပါက မီးသတ်ကားများ ဝင်ရောက်ရန် အခက်အခဲရှိပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အထောင်သား

ကားဘော်ဒီရုံမှ ဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား–

စစ်ကိုင်းမြို့ တကောင်းတိုက် ပန်းတောရပ် နယ်မြေ(၁၂)ရှိ ကားဘော်ဒီရုံနှစ်ရုံသည် ပါဝါမီတာမရှိဘဲ လုပ်ကိုင်သဖြင့် မီးအတက်၊ အကျမမှန်သည့်အပြင် ကားဘော်ဒီထုရိုက်သံများ ဆူညံခြင်း၊ ကားဘော်ဒီဆေးမှုတ်ရာမှ အနံ့ဆိုးများ ပြန့်လွင့်ခြင်းတို့ ဖြစ်ပေါ်နေပါ၍ စိစစ်ကြပ်မတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ပန်းတောသား

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

(၁၉–၂–၂၀၀၇) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကလေးဝမြို့ အမှတ် (၃) ရပ်ကွက် အောင်သပြေလမ်းရှိ ရေမြောင်းများအား ရေစီးရေလာကောင်းမွန်ရေး** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘာတစ်လွှား အားကစား

လာလီဂါ ရာသီကုန်၌ အပြိုင်အဆိုင် ပြိုင်ပြိုင်ဆိုင်ဆိုင်

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် မေ ၁၃

စပိန်လာလီဂါပွဲစဉ်များ ပြီးဆုံးချိန် နီးကပ်လာလေ ပြိုင်ဆိုင်မှုများ ပြင်းထန် လာလေဖြစ်ရာ ယခုနှစ် လာလီဂါဖလားအတွက် ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ဆီဗီလာတို့ ပြိုင်ဆိုင်မှုကလည်းအကြိတ်အနယ်အားကောင်းလာလျက် ရှိသည်။

လာလီဂါပွဲစဉ်(၃၄)ကို မေ၁၂ ရက်က ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က အက်စ်ပန်းညိုကို လေး ဂိုး–သုံးဂိုးဖြင့် အနိုင်ရလိုက်သဖြင့် ရီးရဲမက်ဒရစ်တို့ လာလီဂါ တန်းစီဇယား ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့သည်။

အသွင်းခံထားရသည်။ ရီးရဲမက်ဒရစ်၏ လက်ကျန်လေးပွဲတွင် အဝေးကွင်း၊ အိမ်ကွင်းနှစ်ပွဲစီ ကစားရမည်ဖြစ်ရာ အဝေးကွင်း၌ ရီခရီယေးတီဗိုနှင့် ရီးရဲဇာရာဂိုဇာ အသင်းတို့ဖြစ်သည်။

ဘာစီလိုနာကို လာလီဂါ ဖလား သုံးကြိမ်ဆွတ်ခူးရရှိရေး စွမ်းဆောင် ပေးမည့် ဘာစီလိုနာ တိုက်စစ်မှူး ရော်နယ်ဒင်ဟို။ (ဓာတ်ပုံ–အင်တာနက်)

သို့သော်လည်း ရီးရဲမက်ဒရစ်၌ နစ္စတယ်ရွိုင်းက ၂၁ဂိုး၊ ရာအူးလ်က ခြောက်ဂိုးနှင့် ရော်ဘင်ဟိုက ငါးဂိုးသွင်း ယူထားရာ ရီးရဲမက်ဒရစ်တို့ လာလီဂါ ဖလားရရှိရေးအတွက် အဓိက မောင်း နှင်အားများပင် ဖြစ်နေသည်။ ရီးရဲမက်ဒရစ်နည်းပြကာပယ်လိုကလာလီဂါ ဖလားသည် မိမိတို့ လက်တစ်ကမ်းသာ လိုတော့သည်ဟု ပြောကြားနေသည်။

ကစားရမည်

ထို့အတူလက်ရှိချန်ပီယံ ဘာစီလိုနာတို့က လက်ကျန်လေးပွဲကစားရမည်ဖြစ်သည်။ သုံးနှစ်ဆက်တိုက် လာလီဂါဖလားကို သိမ်းပိုက်ရန်ကြိုးစားနေသော ဘာစီလိုနာသည် အိမ်ကွင်း၌ ဂီတာဖေးနှင့်အက်စ်ပန်းညို၊ အဝေးကွင်းတွင် အက်တလက်တီကိုနှင့် ဂျင်နက်စတစ်အသင်းတို့ဖြင့် ကစားရမည် ဖြစ်သည်။

ပညာပေး

ဘာစီလိုနာ၏ လက်ကျန်လေးပွဲတွင်အက်စ်ပန်းညိုနှင့်ဂီတာဖေးတို့ကို အဓိကထားကစားရမည်ဖြစ်သည်။ပထမအကျော့အိမ်ကွင်း၌ အက်စ်ပန်းညိုတို့က ဘာစီလိုနာကို သုံးဂိုး–တစ်ဂိုးဖြင့် ပညာပေးထားပြီးဂီတာဖေးကလည်း သရေကစားထားသည်။

အခြေအနေကောင်း

ထို့ကြောင့် ဘာစီလိုနာတို့၏ လက်ကျန် လေးပွဲခရီးစဉ်မှာ မချောမွေ့ချေ။ သို့သော် ဘာစီလိုနာတွင် ရော်နယ်ဒင်ဟို၊ အီတိုး၊ မက်ဆီ၊ ဂတ်ဂျွန်ဆင်နှင့် ဆာဗီရိုလာတို့အုပ်စုညီညွတ်လျှင်မည်သည်နောက်တန်းကိုမဆို ကျော်ဖြတ်ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ ဘာစီလိုနာ၏အောင်မြင်မှုသည် ၎င်းတို့အပေါ်၌ တည်နေသည်။ ရီးရဲမက်ဒရစ်တို့ထက် လာလီဂါဖလားရရှိရေး အခြေအနေကောင်းလျက်ရှိသည်။

ရီးရဲမက်ဒရစ်အတွက် လာလီဂါ ဖလား ရရှိရေး အဓိကကြိုးစား ဂိုးသွင်းပေးနေသော တိုက်စစ်မှူး နစ္စတယ်ရွိုင်း။ (ဓာတ်ပုံ–အင်တာနက်)

ပြောင်းလဲ

သို့သော် ဘာစီလိုနာတို့က တစ်ပွဲလျော့သည့်အနေအထားကြောင့် ရီးရဲမက်ဒရစ်တို့က တစ်ခဏမျှနေရာယူနိုင်ခဲ့ခြင်းဖြစ်ရာ ဘာစီလိုနာတို့က ရီးရဲဘက်တစ်နှင့် ကစားပြီးချိန်တွင် အခြေအနေတစ်မျိုး ပြောင်းလဲသွားမည်ဖြစ်သည်။

ကျန်ရှိနေ

လာလီဂါ၌ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ အခြေအနေကို ကြည့်လျှင် လာလီဂါဖလားရရှိရေး ကြိုးစားနေသော ရီးရဲမက်ဒရစ်သည်လက်ကျန်လေးပွဲကစားရန် ကျန်ရှိနေသည်။ လောလောဆယ်တွင် လာလီဂါ၌ ၃၄ပွဲကစား၊ ပွဲ၂၀နိုင်၊ ခြောက်ပွဲ သရေနှင့် ရှစ်ပွဲ ရှုံးထားသည်။

ရီးရဲမက်ဒရစ် တိုက်စစ်မှူးများက ၃၄ ပွဲတွင် ၅၅ဂိုးသွင်းထားပြီး၃၄ဂိုး

ပထမအကျော့၌ ရီးရဲဇာရာဂိုဇာကို ရီးရဲမက်ဒရစ်တို့က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ရီခရီယေးတီဗိုကို အိမ်ကွင်းမှာပင် ရီးရဲမက်ဒရစ်တို့ သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် ရီခရီယေးတီဗိုကွင်း၌ ကစားရမည့် ပွဲသည် ရီးရဲမက်ဒရစ်တို့ အားကုန်ထုတ်ရမည့်ပွဲဖြစ်နေသည်။

ရီးရဲမက်ဒရစ်တို့ အိမ်ကွင်းနှစ်ပွဲသည် ဒီပို့တီဗိုနှင့် မာလော့ကာအသင်းတို့ ဖြစ်ရာ အဝေးကွင်း၊ အိမ်ကွင်းခြေမာသော မာလော့ကာကိုလည်း ခက်ခဲစွာ ကျော်ဖြတ်ရမည်ဖြစ်သည်။ ထို့အတူ ဒီပို့တီဗိုနှင့်လည်း ပထမအကျော့ပွဲစဉ်၌ ဒီပို့တီဗိုတို့က ရီးရဲမက်ဒရစ်ကို နှစ်ဂိုးပြတ်အနိုင်ယူ ထားခဲ့ရာ ဒီပို့တီဗိုသည် ရီးရဲမက်ဒရစ်အတွက် ပွဲကျပ်ပင်ဖြစ်သည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်၏ လက်ကျန်လေးပွဲသည်ကြမ်းတမ်းသော ခရီးစဉ်တစ်ခု ဖြစ်နေသည်။

တစ်ဖန် လာလီဂါ ဖလားရရှိရေး ချန်ပီယံ ကြိုးဝိုင်းအတွင်းရှိနေဆဲ ဖြစ်သော ဆီဗီလာတို့ မေ၁၂ရက်က ကစားခဲ့သော ပွဲစဉ်(၃၄)တွင် ရီခရီယေးတီဗိုကို အိမ်ကွင်း၌ နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်လိုက်ရာလာလီဂါဖလား ရယူရေး ခြေတစ်လှမ်းရှေ့သို့ တိုးလိုက်ပြန်ပြီဖြစ်သည်။ ထို့ကြောင့် လာလီဂါဖလားရရှိရေးတွင်ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနှင့်ဆီဗီလာတို့ သူတင် ကိုယ်တင် အပြိုင်အဆိုင် နွဲရတော့မည် ဖြစ်ပါကြောင်း။ ။ **(ကိုးကား–အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

- မြောက်အိုင်ယာလန်အသင်းမန်နေဂျာလော်ရီဆန်ချက်ဇ်သည် ဖူလ်ဟမ်အသင်းနည်းပြလုပ်ရန်အတွက် အိုင်ယာလန်နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်ကြောင်း သိရသည်။

- **အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်း မန်နေဂျာသက်တမ်းတစ်လျှောက်တွင် ယခုနှစ်ရာသီသည် အဆိုးရွားဆုံးနှစ်ဖြစ်ကြောင်း ဝန်ခံ ပြောကြားလိုက်သည်။**

- မန်ချက်စတာယူနိုက်တက်အသင်းကို မလေးရှား လက်ရွေးစင်အသင်းက ကွာလာလမ်ပူ၌ အိမ်ရှင်အဖြစ်လက်ခံကစားရန် မလေးရှားဝန်ကြီးချုပ်က ဇူလိုင် ၂၇ရက်ကို ရက်သတ်မှတ် ပေးလိုက်ပြီဖြစ်သည်။

- **စပိန်မှ ကမ္ဘာ့နံပါတ်(၂) တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အီတလီ၌ ကျင်းပနေသော ရောမ မာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ ဒိုဂျိုကိုဗစ်ကို ၆–၂၊ ၆–၃ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။** (အင်တာနက်)

ချယ်လ်ဆီးနောက်ခံလူ မိုယက်စ် နေရာမရ၍ ဆိုက်ပရပ်စ်သို့ပြောင်းရွှေ့

လန်ဒန် မေ ၁၃

ချယ်လ်ဆီး နောက်တန်းလူ မိုယက်စ်။ (ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးနောက်တန်းကစားသမားနူနိုမိုယက်စ်သည် ဆိုက်ပရပ်စ် ချန်ပီယံ နီကိုရှားအသင်းသို့ နှစ်နှစ် စာချုပ်ဖြင့် ပြောင်းရွှေ့သွားပြီ ဖြစ်သည်။

အသက် (၂၃)နှစ်ရှိ အဆိုပါ နောက်တန်းကစားသမားသည် ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် အက်ဖ်အေပင်နာဖီးလ်အသင်းမှ ပြောင်းရွှေ့လာပြီးနောက် စတမ်းဖို့ဒ်ဘရစ်၌ ပထမပွဲထွက်လူစာရင်းတွင် ပါဝင်ကစားခွင့် မရခဲ့ပေ။

၎င်းသည် မေ ၉ရက်က မန်ယူနှင့်ကစားခဲ့သည့်ပွဲတွင် ပွဲချိန်၈၈မိနစ်၌ လူစားအဖြစ်သာ ဝင်ကစားခွင့်ရခဲ့သည်။ ထိုသို့နေရာမရဖြစ်နေခြင်းကြောင့်လည်း မိုယက်စ်သည် ရာသီအကုန်တွင် ဆိုက်ပရပ်စ်သို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။ **(အင်တာနက်)**

ဂျာမန် အိုးပင်းတင်းနစ်ပြိုင်ပွဲ ဂျူစတင်ဟာနင် အကြိုဗိုလ်လုပွဲ တက်ရောက်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ကမ္ဘာ့နံပါတ်(၁) တင်းနစ် အားကစားမယ် ဂျူစတင်ဟာနင်။ (ဓာတ်ပုံ–အင်တာနက်)

ဘာလင် မေ ၁၃

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပလျက်ရှိသော ဂျာမန် အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံမှ ကမ္ဘာ့နံပါတ် (၁)တင်းနစ်အားကစားမယ် ဂျူစတင်ဟာနင်သည် ရုရှားမှ ဂျန်ကိုဗစ်ကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အနိုင်ရ

ယင်းပြိုင်ပွဲတွင် ဂျူစတင်ဟာနင်သည် အကြိတ်အနယ် ယှဉ်ပြိုင်ပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယှဉ်ပြိုင်ကစား

ပထမပွဲစဉ်တွင် ဂျန်ကိုဗစ်က ဂျူစတင်ကို ဦးဆောင်ကစားခဲ့သည်။ နောက်ပိုင်းပွဲစဉ်တွင် ဂျူစတင် ပြန်လည်ကြိုးစားကစားခဲ့ရာ ပွဲအပြီး ၃–၆၊ ၆–၄၊ ၆–၄ဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူစတင်ဟာနင်သည် အကြိုဗိုလ်လုပွဲတွင် ကွတ်ဇ်ညက်ဆိုဗာနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကြားလာသူ

၎င်းသည် ရုရှားတင်းနစ်မယ် ရှာရာပိုဗာထံမှ ကမ္ဘာ့နံပါတ်တစ်နေရာကို ရယူခဲ့ပြီးနောက် တင်းနစ်လောကတွင် တစ်ဟုန်ထိုး ကျော်ကြားလာသူတစ်ဦး ဖြစ်လာသည်။ **(အင်တာနက်)**

ဘရာဇီးကြယ်ပွင့်အား ဘင်နီတက်ဇ် မျက်စိကျနေ

လန်ဒန် မေ ၁၃

အသက်၂၀အောက် ဘရာဇီး လက်ရွေးစင်အသင်း အသင်းခေါင်းဆောင် လူးကက်စ်လစ်ဗာအားလီဗာပူးအသင်းက ခေါ်ယူစာချုပ်ရန် ချဉ်းကပ်လျက်ရှိကြောင်း ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။

ရွှေဖိနပ်ဆု

အသက် (၂၀)ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် ရွှေဖိနပ်ဆု ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

၎င်းသည် လောလောဆယ်တွင် ဘရာဇီး ဂရီမီယိုအသင်း၌ ကစားလျက်ရှိသည်။ အဆိုပါကွင်းလယ်ကစားသမားအား ပြီးခဲ့သောရာသီက စပိန်နှင့် အင်္ဂလန်ရှိ ထိပ်တန်းကလပ်များက ခေါ်ယူရန် လိုက်လံကြိုးစားလျက်ရှိသည်။ ၎င်းဘရာဇီးလူငယ်ကစားသမားနှင့် မိမိတို့လီဗာပူးစာချုပ်ပြီးလျှင် လီဗာပူးတို့ အကောင်းဆုံး လုပ်ပြနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အသင်းသို့ လာရောက်မည်ကိုကြိုဆိုကြောင်း လီဗာပူးနည်းပြရာဖေးလ် ဘင်နီတက်ဇ်က ပြောကြားသည်။လာမည့်ရာသီတွင် ဂျရက်၊ မာရှေးယာနို၊ ဇာဘီ၊ ဆစ်ဆိုကိုတို့နှင့်တွဲလိုက်လျှင် လီဗာပူးအသင်းသည် အကောင်းဆုံး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ (အင်တာနက်)

ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက် လီဗာပူးအသင်းနည်းပြ ရာဖေးလ် ဘင်နီတက်ဇ်။ (ဓာတ်ပုံ–အင်တာနက်)

(၇၅)နှစ်မြောက် ခိန်ရတုမွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဖခင်ကြီးဒယ်ဒီ ဦးတင်စိန် (ပုသိမ်) (ထောင်တာဝန်ခံအရာရှိ၊ ငြိမ်း)

ကျေးဇူးရှင်ဖခင်ကြီး၏ လမ်းပြပြုစုပျိုးထောင်ပေးမှုကြောင့် သားသမီးမြေးမြစ်အားလုံး သာယာချမ်းမြေ့သော ဘဝလမ်းကို မိမိတို့ဘာသာ ပိုင်ပိုင်နိုင်နိုင် လျှောက်လှမ်းနိုင်ကြပါပြီ ဒယ်ဒီ။

တမလွန်တွင်ရောက်ရှိနေသော မာတာမိခင်ကျေးဇူးရှင်ကြီး ဒေါ်ခင်အုန်းကြည်(ပုသိမ်) မြင်တွေ့ခွင့်ရရှိပါကလည်း ကျေနပ်ပီတိဖြစ်မည်ဟု ယုံကြည်ပါသည် ဒယ်ဒီ။

ဖခင်ကြီး၏ ၁၄-၅-၂၀၀၇ရက်တွင်ကျရောက်သည့် ခိန်ရတုမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်အသက်(၁၀၀)ကျော်တိုင် သားသမီးမြေးမြစ်များနှင့် ရင်အုပ်မကွာ ကျန်းမာ၊ ချမ်းသာပျော်ရွှင်စွာ ဘဝလမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည် ဒယ်ဒီ။

ဒေါ်မြမြဦး-ဦးဇော်ဟိန်း၊	ဦးကျော်ကျော်နိုင်-ဒေါ်မိုးအေး(ခ)ဒေါ်ခိုင်ဇင်ဝေ၊
ဦးဝင်းဌေး-ဒေါ်ခင်မျိုးဝင်း၊	ဒေါ်ခင်နန္ဒာ-ဦးသက်ဝင်း၊
ဒေါ်ဝတီစိန်-ဦးမျိုးသိန်း၊	ဒေါ်ရွှေဝါသင်း-ဦးမောင်မောင်သက်၊
ဒေါ်အေးအေးမော်-ဦးအောင်ဇေယျ၊	ဦးဟန်သူ-ဒေါ်တင်ယုခိုင်နှင့်

မြေးမြစ်များ။

အခွင့်အလမ်း ဂျာနယ်
The Opportunity Journal
အထူးထုတ်

အမှတ်စဉ်(၈၆) အထူးထုတ်စာစောင်တွင် Quality အကြောင်းကို ပုံမှန်ပါဝင်ရေးသားနေကျ စာရေးဆရာကြီးများ၏ ဖွင့်ဆိုရှင်းလင်းချက်ဆောင်းပါးများအပြင် မန္တလေးမြို့ Mandalay Swan Hotel ၌ ဆရာမကြီး ဒေါက်တာနုနုယဉ်၏ Quality အကြောင်းဟောပြော ဆွေးနွေးချက်အပြည့်အစုံကို မေတ္တာလက်ဆောင်စာအုပ်ငယ်အဖြစ်ထည့်သွင်းပေးထား ပါသည်။ မရရှိပါက မိမိဂျာနယ်ဝယ်ယူခဲ့သောဆိုင်တွင်တောင်းယူနိုင်ပါသည်။

ဂျာနယ်ဈေးနှုန်း လုံးဝမပြောင်းလဲပါ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၃လမ်း၊ အိမ်အမှတ် ၇၇၇နေ
ဦးစိုးမြတ်-ဒေါ်ဒေဝီတို့၏သား
ဦးလှထွန်းကျော် (Second Mate, GSM Co., Ltd.)-
ဒေါ်အေးအေးမြင့် (မြိတ် ပါတိတ်ဆိုင်)တို့၏မောင်
မောင်ဇာနည်အောင် B.P.S (Statistics)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ မာဃလမ်း၊ တိုက် ၁၀၊ အခန်း ၁၃နေ
(ဦးစိန်မင်း)-ဒေါ်လှဲ့လှဲ့ဝင်း
(မြို့နယ်ဥပဒေအရာရှိ၊လှိုင်သာယာမြို့နယ်ဥပဒေရုံး)တို့၏သမီး
မချမ်းမြမြမင်း LL.B (Bachelor of Law), Dip. in Architecture

တို့သည် ၁၃-၅-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဇာနည်အောင်-မချမ်းမြမြမင်း။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဖေကြီးနှင့်သားအပေါ် အမြဲတမ်းကြင်နာမှုတွေပေးတဲ့ **မေကြီး ဒေါ်မိုး** ၁၄-၅-၂၀၀၇ရက်မှာ ကျရောက်တဲ့ မေကြီးရဲ့မွေးနေ့နဲ့ အတူ ဖေကြီးနှင့် မေကြီးရဲ့ (၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သားတို့မိသားစုလေးနှင့်အတူတကွ ပျော်ရွှင်ချမ်းမြေ့စွာနေနိုင်ပါစေလို့ ဆုတောင်းလျက်-

ဖေကြီး-ကိုစိုး (သပြေ)
တစ်ဦးတည်းသောသားလေး - မင်းဟိန်းခန့် (သပြေ)
၁၀၇၊ ဒဂုံ(တောင်)။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်း တိုက် ရှိ နိကာယ်သာသနာတော် ထွန်း ကားရေး အသင်းကြီး၏ ထာဝရ ငွေရတု ပဒေသာပင် အတွက် အမှတ် ၅၄ မင်းလမ်း စမ်းချောင်းမြို့နယ်နေ ဦးမှုံ-ဒေါ်အေး၊ သမီး ဒေါ်အောင်ကြည်မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အမှုဆောင် ဦးအောင်ဌေး (ဘဏ္ဍာရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာကျော်အမှတ်တံဆိပ် ပါဝါမျက်မှန်၊ နေကာမျက်မှန် အစစ်အမှန်များကို ရောင်းချပေးနေသော

ယူနိုက်တက်ဗွီးရှင်းမျက်မှန်ဆိုင်

ရန်ကုန်
အမှတ်-၂၆၃၊ ရွှေဘုံသာလမ်း (အလယ်)
ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၄၈၁၃၈၊ ၇၀၉၆၂၀

မန္တလေး
၇၈ လမ်း၊ ၂၇ x ၂၈ ကြား၊
ဘူတာကြီးအနီး၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၄၄၄၂၊ ၆၈၇၈၆

အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးမှပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘန်ဒေါင်းမြို့တွင် မေ ၉ရက်မှ ၁၀ရက်အထိကျင်းပပြုလုပ်သည့် (၁၄)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီးအတွက် ကြိုတင်ပြင်ဆင်မှု အစည်းအဝေးသို့တက်ရောက်ခဲ့ပြီးနောက် မေ ၁၂ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အဆိုပါအစည်းအဝေးသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံရုံးမှ ဒုတိယအတွင်းဝန် ဒေါ်မိုးသူဇာလည်း ကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ် ပါဝင်တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဦးမောင်မောင်ဦး-ဒေါ်ခွာဖြူ မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ဌေးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

မိုးလေဝသအခြေအနေ (၁၄-၅-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ၊ မဟာဗောဓိ စေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာမဟာဗောဓိသိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန်အတွက် ဖခင် ဦးမေအောင်၊ မိခင် ဒေါ်အေးရှင်တို့အားရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး အနောက်ရပ်ကွက် ပိတောက်ပင်လမ်း အမှတ် (၁၆)နေ သားကိုအေးအောင်၊ သမီး မခင်မျိုးသစ်မိသားစုက အလှူငွေကျပ်နှစ်သိန်းကို နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဖယ်ခုံမြို့နယ်စည်ပင် ရေထွက်ဦးလမ်းသစ်ဖွင့်

ဖယ်ခုံ ဧပြီ ၂၀

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဟိန်ဓမ္မ ရပ်ကွက်ရှိ ရေထွက်ဦး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက်၇နာရီခွဲက ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း၊ ဖယ်ခုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဖေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်လတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်၅၁လမ်းအမှတ် ၁၈၃နေ ဒေါ်ခင်ရှိန် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား၀ါလမ်းမင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

မြို့နယ်သတင်းများ

ညောင်ရွှေ နန်းသီတာ-ကံကောင်း ကျေးလက်လမ်းဖွင့်

ညောင်ရွှေ ဧပြီ ၁၉

ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော နန်းသီတာ-ကံကောင်းကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၉နာရီက အဆိုပါမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နန်းသီတာကျေးရွာနှင့် ကံကောင်းကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးက လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းပြောကြားပြီး လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ နန်းသီတာ-ကံကောင်း ကျေးလက်ကျောက်ချောလမ်းမှာ အရှည် ပေ၅၉၅၀၊ အကျယ် ၁၀ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈၆၀၀၀၀ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေး ပညာသုတပန်းခင်းသို့ စာအုပ်နှင့်ငွေများလှူဒါန်း

ပင်းတယ ဧပြီ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျုံးကျေးရွာအုပ်စု ကျုံး(အလယ်)ရွာရှိ ကိုယ့်အားကိုယ်ကိုး စံပြစာကြည့်တိုက် ပညာသုတပန်းခင်းသို့ စာအုပ်၊ ပစ္စည်း၊ အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် ညနေ၄ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ခရိုင်ဦးစီးအရာရှိ ဦးချီမောင်တို့က စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ယင်း စာကြည့်တိုက်အတွက် စာအုပ်၊ ပစ္စည်း၊ အလှူငွေများကို အလှူရှင် လေးဦးတို့က လှူဒါန်းကြပြီး ယင်း စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ကျုံး(အလယ်)ရွာမှ ထွက်ခွာလာရာ ပွေးလုစံပြကျေးရွာရှိ ပညာပျိုးခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ညနေ ၅နာရီတွင် ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက် အသုံးပြုနိုင်ရန် စာအုပ်၊ တီဗွီ၊ စလောင်း၊ အလှူငွေများကို အလှူရှင် ငါးဦးက လှူဒါန်းကြသည်။

ယင်းနောက် စာကြည့်တိုက်ရှိ စာအုပ်များနှင့် တီဗွီပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် လှိုင်မြို့နယ် မြကန်သာ ၅ ရပ်ကွက်နေ ဦးအောင်ကိုးရွှေ-ဒေါ်ခင်စောဝင်း၊ သမီးသဉ္ဇာနှင့်း မိသားစုက အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆရာတော် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

သင်တန်းဆင်း လက်မှတ်ပေးအပ်

မန္တလေး မဟာအောင်မြေမြို့နယ် အကြိုအခြေခံ မီးသတ်သင်တန်းဆင်းပွဲကို ဧပြီ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပရာ သင်တန်းဆင်းလက်မှတ်ကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်က ပေးအပ်စဉ်။ (၁၆၂)

မော်လမြိုင်ကျွန်းမြို့နယ်တွင် ချို့တဲ့မျက်စိဝေဒနာရှင်များအား အလှူရှင်များပံ့ပိုးလှူဒါန်းမှုဖြင့် အခမဲ့စမ်းသပ်ကုသပေး

မျက်စိခွဲစိတ်လူနာများအား ဆေးဝါးနှင့် မျက်မှန်များလှူဒါန်း

မော်လမြိုင်ကျွန်း မေ ၅

မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း၏ ပူးပေါင်းကူညီမှုကိုရယူလျက် မော်လမြိုင်ကျွန်းမြို့နယ်အသင်းနှင့် အလှူရှင်များ၏ ပံ့ပိုးလှူဒါန်းမှုများဖြင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ချို့တဲ့သော မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်၍ ခွဲစိတ်ကုသပေးခြင်း၊ ဆေးဝါးနှင့် မျက်မှန်များ အခမဲ့လှူဒါန်းခြင်းများကို ဧပြီ ၂၇ရက်မှ မေ ၁ရက်အထိမော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

စမ်းသပ်ကုသ

ယင်းအခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်ကျွန်းမြို့နယ် အသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့် အသင်းအမှုဆောင်များ၏ ကြီးကြပ်စီစဉ်ပေးမှု၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်နှင့်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီမှုများဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ခင် ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများအဖွဲ့က မြို့နယ် အတွင်းရှိ ချို့တဲ့သော မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ယင်းသို့ စမ်းသပ် ခွဲစိတ်ကုသပေးရာတွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ချို့တဲ့သော မျက်စိဝေဒနာရှင် ၃၉၆ဦးတို့ကို အခမဲ့စမ်းသပ်စစ်ဆေးကုသပေးပြီး မျက်စိခွဲစိတ်လူနာ ၁၁၀တို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည့်အပြင် မျက်စိရောဂါရှင်များအား ဆေးဝါးနှင့်မျက်မှန်များကို လှူဒါန်းပေးခဲ့ကြသည်။

(၀၉၇)

မုဒုံမြို့နယ် မေတ္တာကာရီ နာရေးကူညီမှုအသင်းအတွက် ဧပြီ ၂၈ရက်က မုဒုံမြို့ ဒုံကနီရပ် မြစန္ဒာလမ်း အမှတ် (၁၁)နေ ကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးတင်၏ နှစ် (၉၀)မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် ငွေကျပ်သုံးသိန်း ပေးအပ် လှူဒါန်းရာ မေတ္တာကာရီ နာရေးကူညီမှု အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်ဦးက လက်ခံယူစဉ်။

(ဘိုးဘွားရိပ်သာ)

ဖခင်အမည်မှန်

အထက(၁) သဃ်န်းကျွန်း နဝမတန်းမှ မခိုင်သဇင်စိုး၏ ဖခင် အမည်မှန်မှာ ဦးသန်းစိုး၁၂/လကန (နိုင်)၀၆၆၄၈၂ ဖြစ်ပါကြောင်း။

ဦးသန်းစိုး။

အမည်ပြောင်း

ဦးစိုင်းထွန်းအောင်၏သမီး ကျိုင်းတုံမြို့ အထက(၅)ပဥ္စမတန်း (က)အောင်မှ နန်းနောင့်နောင့်ခွေး ထွန်းအားနန်းခွေးခွေးထွန်းဟုပြောင်း လဲ ခေါ်ပါရန်။ **နန်းခွေးခွေးထွန်း။**

အမည်ပြောင်း

အဖ ဦးတင်မောင်၏သမီး လှိုင်သာယာမြို့နယ်အမက(၆)မူလွန် ဆဋ္ဌမတန်း(A)မှ မတင်မာထွေးနိုင် အား မမိုးစန္ဒာလင်းဟု ပြောင်းလဲ ခေါ်ပါရန်။ **မမိုးစန္ဒာလင်း။**

ရောင်းမည်

မရမ်းကုန်းမြို့နယ် လေဆိပ် ပတ်ဝန်းကျင်အနီး မြေပေအကျယ် ၁၀၀ ပတ်လည်ခန့်ရှိ နှစ်ယောက်အိပ် ခန်း (၄၀)ပါ တည်းခိုခန်းပိတ်ထား၊ ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

ရုံးချိန်အတွင်း၊ ဖုန်း-၂၉၉၈၇၄။

K.I.S ကားငှားလုပ်ငန်း

ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း-၂၉၃၂၉၄၊ ၀၉-၅၀၀-၂၄၄၀၊ ၀၉-၅၁-၃၄၇၇၈၊ ၄၄၁၂၁၈၁။

ရမှတ်ကောင်းရမည်

IELTS

Call: 514273

Time

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် သ/၆၂၄၆ Toyota Corolla KE 72/စတေရှင်ဝက်ဂွန် (4 x 2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုပြုံး ၁၃/ကလတ (နိုင်)၀၀၀၄၃၀က (ကမ-၃)ပျောက်မိတ္တူလျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (မကွေး)သို့လာရောက်ဆက်သွယ် ဆောင်ရွက် ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)။**

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့၊

ရက်စွဲ ၊ ၂၀၀၇ ခုနှစ်၊ မတ်လ၊ (၃၁)ရက်

ကြေညာချက်

၁။ ၂၀၀၆ ခုနှစ်၊ မေလတွင် ဖွင့်လှစ်သော (၂၀၈)ကြိမ်မြောက် ၁၀ဝိ/-တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ရရှိသည့် အောက်ပါဆုလက်မှတ်ပေါင်း(၂၃၄၂)ဆုကို ယနေ့တိုင် တောင်းခံခြင်း မရှိသေးပါ။

၂။ ဖော်ပြပါဆုရလက်မှတ်များကို ၂၀၀၇ ခုနှစ်၊ မေလ(၃၁)ရက်နေ့အထိ ရန်ကုန်မြို့ နှင့်မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူးထံတင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ ကျပ်၄၀၀၀ဝိ/-အထက်ဆုငွေများကိုရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိအောင်ဘာလေသိန်းဆုဌာနခွဲ တွင်သာထုတ်ပေးပါမည်။ ကျန်ဆုငွေများကို အထက်ပါရုံးအပြင် နယ်ရှိပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး များတွင်လည်းထုတ်ယူနိုင်ပါသည်။မည်သည့်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူလိုကြောင်းသက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးမှူး၏ စစ်ဆေးစိစစ်ချက်ထောက်ခံချက်များနှင့်အတူ အထက်ပါနေ့မတိုင်မီအကြောင်းကြား တောင်းခံနိုင်ပါသည်။

၄။ ကျပ် ၂၀၀၀ဝိ/- အပါအဝင် ဆုမဲစာရင်းများကို ပြည်နယ်/တိုင်း ပြည်တွင်းအခွန်ဦးစီးဌာနရုံးများ၊ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ အသီးသီးရှိကြော်ငြာသင်ပုန်းများတွင်ကြော်ငြာထားသည်။

၅။ အထက်ပါနေ့ကျော်လွန်ပြီးနောက် တောင်းခံလာသော ဆုရလက်မှတ်များကို စဉ်းစားမည်မဟုတ်ပဲ ပြည်သူ့ဘဏ္ဍာငွေ အဖြစ်သိမ်းသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။ ၃၀-၅-၂၀၀၇ ဘဏ္ဍာသိမ်းမည်။

(၂၀၈)ကြိမ် ဘဏ္ဍာသိမ်း

ကျပ်(၁၀၀၀၀၀၀ဝိ/-)ဆု

ပ-၃၂၇၅၀၂

ကျပ်(၁၀၀၀၀၀ဝိ/-)ဆုများ

က-၁၂၃၈၈၃	ဌ-၁၂၃၈၈၃	တ-၁၂၃၈၈၃	ဘ-၉၇၂၈၈၈	ရ-၉၇၂၈၈၈
ခ-၁၂၃၈၈၃	ဍ-၁၂၃၈၈၃	ပ-၉၇၂၈၈၈	မ-၉၇၂၈၈၈	လ-၉၇၂၈၈၈
ဂ-၁၂၃၈၈၃	ဎ-၁၂၃၈၈၃	ဖ-၉၇၂၈၈၈	ယ-၉၇၂၈၈၈	ဝ-၉၇၂၈၈၈
င-၉၂၀၄၇၄	ဏ-၁၂၃၈၈၃	ဗ-၉၇၂၈၈၈	ရ-၁၂၃၈၈၃	သ-၉၇၂၈၈၈
စ-၉၂၀၄၇၄				

ကျပ်(၅၀၀၀၀ဝိ/-)ဆု

စ-၇၉၁၁၁၈	ည-၇၁၀၆၉၉	ဖ-၉၂၀၆၄၂	မ-၂၀၇၃၁၉	ဝ-၃၈၄၂၂၄
စ-၁၃၅၉၉၉				

ကျပ်(၄၀၀၀၀ဝိ/-)ဆုများ

စ-၈၈၂၂၆၃	ဈ-၆၈၄၂၆၂	ထ-၆၆၂၈၉၅

ကျပ်(၂၀၀၀၀ဝိ/-)ဆုများ

ဍ-၃၁၁၉၁၀	တ-၃၁၄၈၀၀	တ-၃၁၄၈၀၆	တ-၃၁၄၈၀၇	န-၉၇၂၈၈၉
ဍ-၃၁၁၉၁၄				

ကျပ်(၂၀၀၀၀ဝိ/-)ဆုများ (ဖြည့်စွက်ယှနစ်)

ဖ-၉၆၇၄၇၉	တ-၄၈၆၉၆၇	တ-၉၇၀၉၁၇	လ-၃၅၉၃၁၄

ကျပ်(၁၀၀၀၀ဝိ/-)ဆုများ

က-၄၈၆၄၆၂	စ-၇၈၇၆၆၇	ဗ-၃၃၄၅၆၂	ဒ-၉၅၀၂၉၇	ဘ-၆၆၆၇၈၁
က-၄၈၆၄၆၆	စ-၇၈၇၆၈၀	ဗ-၃၃၄၅၆၃	ဓ-၅၁၁၀၆၉	ဘ-၆၆၆၇၈၂
က-၄၈၆၄၆၉	စ-၇၈၇၆၈၃	ဗ-၃၃၄၅၆၆	ဓ-၅၁၁၀၇၃	ဘ-၆၆၆၇၈၃
က-၄၈၆၄၈၁	စ-၇၈၇၆၈၄	ဗ-၃၃၄၅၆၈	န-၄၀၁၃၁၇	ဘ-၆၆၆၇၈၄
က-၄၈၆၄၈၂	စ-၇၈၇၆၈၆	ဗ-၃၃၄၅၇၁	န-၄၀၁၃၂၀	ဘ-၆၆၆၇၈၅
က-၄၈၆၄၈၃	စ-၇၈၇၆၉၀	ဗ-၃၃၄၅၇၆	န-၄၀၁၃၂၁	ဘ-၆၆၆၇၈၆
က-၄၈၆၄၈၄	စ-၇၈၇၆၉၁	ဗ-၃၃၄၅၈၇	န-၄၀၁၃၂၆	ဘ-၆၆၆၇၈၇
ယ-၃၀၁၈၀၁	ဆ-၅၅၀၀၀၃	တ-၃၁၄၈၄၀	န-၄၀၁၃၃၈	ဘ-၆၆၆၇၈၈
ယ-၃၀၁၈၀၇	ဆ-၅၅၀၀၀၄	တ-၃၁၄၈၄၇	န-၄၀၁၃၃၉	ဘ-၆၆၆၇၉၉

ကျပ်(၁၀၀၀၀ဝိ/-)ဆုများ

ယ-၃၀၁၈၂၅	ဍ-၃၁၁၉၀၁	တ-၃၁၄၈၄၉	န-၄၀၁၃၆၉	မ-၁၂၃၈၀၀
ယ-၃၀၁၈၄၉	ဍ-၃၁၁၉၁၀	ဒ-၉၅၀၂၂၁	န-၄၀၁၃၇၅	မ-၁၂၃၈၁၉
ယ-၃၀၁၈၅၁	ဍ-၃၁၁၉၁၁	ဒ-၉၅၀၂၂၂	န-၄၀၁၃၉၁	မ-၁၂၃၈၇၀
င-၇၅၉၂၀၀	ဍ-၃၁၁၉၃၂	ဒ-၉၅၀၂၂၃	န-၉၇၂၈၅၇	မ-၁၂၃၈၇၉
င-၇၅၉၂၀၂	ဍ-၃၁၁၉၃၃	ဒ-၉၅၀၂၅	ပ-၆၁၇၃၉၂	လ-၉၂၀၄၇၄
င-၇၅၉၂၆၀	ဍ-၃၁၁၉၃၄	ဒ-၉၅၀၂၂၆	ဘ-၆၆၆၇၂၅	လ-၉၂၀၄၃၄
င-၇၅၉၂၆၂	ဍ-၃၁၁၉၃၅	ဒ-၉၅၀၂၂၉	ဘ-၆၆၆၇၂၇	လ-၉၂၀၄၅၀
င-၇၅၉၂၆၅	ဍ-၃၁၁၉၃၆	ဒ-၉၅၀၂၄၁	ဘ-၆၆၆၇၆၃	လ-၉၂၀၄၅၅
င-၇၅၉၂၈၁	ဍ-၃၁၁၉၅၀	ဒ-၉၅၀၂၄၃	ဘ-၆၆၆၇၇၄	လ-၉၂၀၄၅၆
င-၇၅၉၂၈၈	ဍ-၃၁၁၉၅၈	ဒ-၉၅၀၂၆၃	ဘ-၆၆၆၇၈၀	လ-၉၂၀၄၅၈
စ-၇၈၇၆၄၆	ဗ-၃၃၄၅၅၀			

ကျပ်(၈၀၀၀ဝိ/-)ဆုများ

က-၉၅၅၀၃၂	စ-၇၂၃၃၀၂	ပ-၁၈၂၁၇၈	မ-၅၇၂၀၉၁	ရ-၃၉၂၇၈၁
ခ-၁၀၄၈၉၈	ည-၆၃၉၀၀၃	ဗ-၇၆၉၃၀၄	ဖ-၇၃၀၄၈၁	ရ-၉၅၇၈၈၉
ခ-၈၁၂၁၀၉	ည-၉၅၃၅၀၈	တ-၄၈၂၅၂၀	ဘ-၇၄၆၅၇၈	လ-၃၅၆၆၉၄
စ-၉၄၄၃၈၇	ဋ-၈၉၁၈၅၆			

ကျပ်(၄၀၀၀ဝိ/-)ဆုများ

က-၄၀၅၄၈၄	ဋ-၄၈၂၀၃၃	ဏ-၆၆၂၈၃၂	မ-၈၂၅၄၅၅	ရ-၂၁၆၉၇၇
က-၈၂၁၉၆၃	ဋ-၆၈၃၀၁၃	ဒ-၆၃၅၄၈၃	မ-၉၇၁၀၆၃	ရ-၉၄၅၅၈၂
ယ-၉၁၆၉၀၄	ဍ-၄၃၃၇၈၇	န-၅၀၂၉၈၁	မ-၉၉၅၈၀၇	ဝ-၂၅၄၂၆၃
စ-၇၉၅၈၀၂	ပ-၂၅၃၅၀၂	ဘ-၇၇၈၇၀၄	ယ-၂၇၂၂၉၁	ဝ-၂၈၀၃၁၃
ဋ-၅၃၈၄၅၁	ပ-၅၆၃၁၉၅	မ-၄၃၇၈၃၆	ယ-၉၀၅၅၇၇	ဝ-၄၂၃၈၈၃
ဋ-၈၈၈၆၇၉	ဏ-၄၂၀၈၆၈	မ-၅၄၂၁၆၀		

ကျပ်(၂၀၀၀ဝိ/-)ဆုများ (ဖြည့်စွက်ယှနစ်)

က-၁၂၅၂၄၀	ဆ-၂၆၂၁၄၇	ဋ-၈၉၄၂၉၁	န-၄၆၁၉၉၄	မ-၈၆၄၁၂၅
က-၁၄၃၅၇၁	ဆ-၃၄၂၀၆၁	ဍ-၂၂၄၁၁၀	န-၉၀၃၂၃၂	မ-၉၆၄၆၀၅
က-၈၇၈၁၂၈	ဆ-၄၄၀၁၆၆	ဍ-၉၄၃၆၇၃	ပ-၁၃၁၅၂၆	ယ-၂၉၄၀၅၉
ခ-၃၅၈၀၁၈	ဆ-၅၉၃၂၉၅	ဗ-၁၁၂၀၁၇	ပ-၁၆၇၀၀၁	ယ-၃၄၂၄၃၀
ခ-၄၅၂၆၉၅	ဆ-၆၈၅၈၅၉	ဗ-၈၄၆၄၁၇	ပ-၃၉၁၅၆၃	ယ-၄၅၅၉၈၀
ခ-၄၆၂၇၃၇	ဆ-၉၈၃၈၅၁	ဗ-၈၉၀၆၈၇	ပ-၅၀၉၁၉၄	ယ-၅၈၈၇၁၉
ခ-၄၆၄၈၅၇	ဆ-၉၈၄၇၄၆	ဏ-၄၆၆၇၀၈	ပ-၆၀၉၈၃၆	ယ-၈၅၇၃၃၂
ခ-၄၇၆၄၂၉	ဇ-၁၄၁၁၀၆	ဏ-၈၄၁၃၄၂	ပ-၆၉၆၁၇၁	ယ-၉၈၅၆၃၄
ခ-၄၉၇၇၂၃	ဇ-၁၉၀၃၅၀	ဏ-၈၈၇၉၀၄	ပ-၇၅၂၀၇၉	ရ-၄၄၄၁၂၈
ဂ-၂၉၃၅၂၉	ဇ-၂၀၁၀၂၉	ဏ-၉၆၈၈၀၆	ဖ-၁၅၂၁၇၅	ရ-၆၃၆၈၈၂
ဂ-၃၂၂၇၄၄	ဇ-၂၇၅၆၁၅	ဏ-၉၉၀၇၉၈	ဖ-၃၄၅၀၈၃	ရ-၇၂၃၉၉၄
ဂ-၆၀၀၅၇၀	ဇ-၃၃၄၉၀၆	တ-၃၄၅၈၈၂	ဖ-၃၈၇၆၇၁	လ-၂၆၅၇၂၁
ဂ-၉၈၉၀၅၇	ဇ-၄၈၁၉၂၀	တ-၇၀၈၃၉၂	ဖ-၄၁၆၁၉၃	လ-၂၉၄၄၅၅
ဃ-၄၃၁၅၅၄	ဇ-၅၃၈၅၉၁	ထ-၁၂၃၅၆၅	ဖ-၄၉၈၁၂၄	လ-၃၀၀၈၄၄
ဃ-၄၃၆၀၆၄	ဇ-၅၇၂၁၃၈	ထ-၃၄၃၁၇၄	ဖ-၄၉၉၀၈၇	လ-၄၅၇၀၄၀
ဃ-၄၆၇၇၃၂	ဇ-၅၇၅၅၂၄	ထ-၄၆၈၈၂၄	ဖ-၇၉၀၁၆၈	လ-၆၇၀၉၁၄
ဃ-၅၆၅၃၄၃	ဇ-၈၉၁၅၉၅	ထ-၆၆၅၄၈၇	ဖ-၈၀၀၂၆၆	လ-၈၇၆၅၅၃
င-၂၄၁၉၇၆	ဇ-၉၀၆၉၁၄	ဒ-၁၀၉၃၃၃	ဖ-၉၀၇၀၅၆	လ-၈၉၈၇၅၇
င-၃၄၀၅၈၀	ဈ-၅၀၁၀၀၂	ဒ-၃၀၈၇၈၂	ဗ-၄၁၅၂၆၈	လ-၉၃၂၆၆၄
င-၇၈၉၉၀၄	ည-၁၈၃၂၇၇	ဒ-၄၀၆၆၁၉	ဗ-၅၇၃၉၇၈	ဝ-၂၄၄၀၃၇
င-၉၈၂၃၈၂	ည-၄၄၅၈၄၅	ဒ-၄၂၆၁၃၈	ဗ-၇၁၉၆၇၅	ဝ-၄၂၉၉၇၀
စ-၁၅၈၀၃၀	ည-၈၅၉၆၄၈	ဒ-၆၅၅၃၆၆	ဘ-၁၉၃၆၀၇	ဝ-၄၅၈၁၃၈
စ-၂၄၉၇၃၇	ည-၈၂၇၁၄	ဒ-၇၃၉၀၇၂	ဘ-၂၂၅၆၉၃	သ-၁၁၆၉၈၄
စ-၃၉၄၈၂၀	ဋ-၂၅၃၀၃၅	ဒ-၇၉၀၇၁၅	ဘ-၄၁၅၃၃၂	သ-၁၇၃၀၀၀
စ-၅၁၈၆၁၃	ဋ-၃၆၄၉၈၄	ဒ-၈၂၈၁၀၃	မ-၂၆၂၂၅၃	သ-၃၅၆၁၇၀
စ-၅၉၆၆၇၉	ဋ-၅၅၆၂၀၇	ဒ-၉၅၇၁၇၈	မ-၃၂၇၈၀၀	သ-၅၀၃၃၈၅
စ-၈၂၁၉၁၁	ဋ-၈၀၉၀၃၅	ဒ-၉၉၃၂၇၃	မ-၆၅၀၅၆၉	သ-၅၆၆၀၃၅
စ-၈၇၉၈၆၆	ဋ-၈၁၁၁၈၀	ဓ-၅၀၈၄၂၈	မ-၇၄၇၆၉၄	သ-၆၆၈၇၆၁
စ-၉၉၁၂၈၅	ဋ-၈၆၈၄၁၂	ဓ-၅၁၆၃၃၁	မ-၇၈၅၆၁၄	သ-၈၃၄၅၂၁
ဆ-၂၂၂၅၃၄	ဋ-၄၈၀၃၈၇	ဓ-၈၀၃၅၆	မ-၈၄၅၂၈၂	သ-၈၅၉၀၆၂
ဆ-၂၄၄၁၅၆	ဋ-၇၁၈၂၃၂	န-၃၀၁၁၁၂	မ-၈၅၄၁၂၁	

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ပန်းဘဲတန်းမြို့နယ်ရှိ တိုက်ခန်းအား လက်ရှိ အမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူသည် အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ (၁၄)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြား လိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
၁။	ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၅၉၅၄	ဒေါ်အိုင်ရာ ၁၂/ဗတထ(နိုင်)၀၂၄၈၈၇	အမှတ် (၁၃၆/၁၃၈)၄-ထပ်၊ အခန်း၁၃၊၂၇လမ်း၊ ပန်းဘဲတန်းမြို့နယ်

ဌာနမှူး

အင်ဂျင်နီယာဌာန (အဆောက်အအုံ)။

တာမွေ

ကွန်ကရစ် အလှအုတ်ချပ်

မေဓာညွှန့်

ဇာတိရုက်လမ်း

Ph 543604

09-51-88062

09-8034928

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်း ရပ်ကွက် အမှတ်၁၁P၊ မြေကွက်အမှတ် V၁၅၃၊ မြေကွက်တည်နေရာ အမှတ်၄၃၊ လမ်း(၁၃၀) ဦးဘတင်၊ ဒေါ်ညွှန့်ညွှန့်၊ ဦးရွှေဖြစ်၊ ဒေါ်သေး သေးနှင့် မစောသိန်း အမည်ပေါက် နှစ်(၉၀) ဂရန်မြေအား အမည်ပေါက်ဦးဘတင်၊ ဒေါ်ညွှန့် ညွှန့်၊ ဦးရွှေဖြစ်၊ ဒေါ်သေးသေးနှင့် မစောသိန်းတို့ ကွယ်လွန်သဖြင့် ၁။ဒေါ်တင်တင်ညွှန့်၁၂/တမန (နိုင်)၀၄၉၂၁၀၊ ၂။ ဒေါ်တင်မေညွှန့် ၁၂/မဂတ (နိုင်) ၀၁၂၉၆၃၊ ၃။ဒေါ်တင်တင်ဝင်း၁၂/မဂတ (နိုင်)၀၁၃၃၁၉တို့က သား၊ သမီးတော်စပ် ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ နေရာစုံနှင့်နီးနီးနေရန်နှင့် စီးပွားရေးအတွက် နေရာကောင်း သုမင်္ဂလာလမ်းမဂုတ်ခြံ **50' x 85'** ရေမီးစုံ ညှိနှိုင်းဈေး။

၂။ မြို့လယ် (၁၅)လမ်း စီးပွားရေးအတွက် နေရာကောင်း **$12\frac{1}{2}$x 50'** မြေညီ-ပထပ်၊ **50' x 85'** ရေမီးစုံ ညှိနှိုင်းဈေး။

၃။ **FMI 60' x 80'** လိုင်းဖုန်းပါပြီး **RC $_2$** ညှိနှိုင်းဈေး။

ဖုန်း-၂၂၀၁၇၉၊ ၂၂၉၂၉၇။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း အလုံမြို့နယ် ဓောရန်ပိုင်(တောင်)ရပ်ကွက်၊ ၄၀လမ်း အိမ်အမှတ် ၆၀/၇၀ (ပထမထပ်)၊ အခန်း(၉/၁၀)နေ ဦးဝေလွင် ၁၂/ ဒဂန(နိုင်)၀၁၈၉၂၀ နှင့် ဇနီးဒေါ်နန်းသိန်းဟန် ၉/မရမ(နိုင်)၀၂၈၁၅၂ တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဆင်ခေါင်းကြီးကျေးရွာ ကွင်းအမှတ် (၆၆၄)၊ မြေကွက်အမှတ်(၁၃-အေ)၊ မြေဧရိယာ ၁ ဒသမ ၅၀ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် တစ်လုံးအပါ အဝင် အဆောက်အအုံ သုံးခု။

၂။ လုပ်ငန်းသုံး ပါဝါမီတာ တစ်လုံး။

၃။ အိမ်သုံးလျှပ်စစ်မီတာ သုံးလုံး။

၄။ လက်လှည့်တယ်လီဖုန်းအမှတ် ၂၉ နှင့် ၇၅ နှစ်လုံး

တို့သည် ဦးဝေလွင်နှင့် ဒေါ်နန်းသိန်းဟန်တို့ ဇနီးမောင်နှံက ၁၉၉၀ ပြည့်နှစ်မှစ၍ ဝယ်ယူ ဆောက်လုပ်ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။

အထက်ပါ ပစ္စည်းများကို မည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ မပြုလုပ်ရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းမြင့် LL.B, D.B.L, D.I.L

တရားရုံးချုပ်ရှေ့နေ စဉ်(၆၀၅၉)

Myint Law Firm ၊ အခန်း(၁၀၁/၅)

အမှတ် ၅၆၁၊ MAC Tower ၊ (ပ/ထပ်)

ကုန်သည်လမ်း၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁ ၉၀၁၃၂။

ပိုက်ပူခါးတုတ်အဝလွန်၍ စိတ်ညစ်နေပါသလား?

LADY SLIM

အမျိုးသမီးသီးသန့် ခန္ဓာကိုယ်အဆီချလုပ်ငန်းမှ မိတ်ဟောင်း၊ မိတ်သစ်များအတွက် မိုးရာသီ **(Discount)** အစီအစဉ် စတင်နေပါပြီ။

ခုနစ်ရက်အတွင်း အာမခံဖြင့်ပြုပြင်ဆောင်ရွက်ပေးနေပါသည်။ အိမ်အရောက် ဝန်ဆောင်မှုရှိသည်။

ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို F.23 ပထမထပ်

ဖုန်း-၅၅၇၄၄၈၊ Ext: ၈၃၃-၂၄၉၄၈၉။

ဇဟိုမီးသတ်တိုက်ခန်း၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၁၂၂၁။

ဟသာတမြို့၊ ဗိုလ်မြတ်ထွန်းလမ်း၊ မြရိပ်မွန် အလှပြင်ဆိုင် ဖုန်း-၂၁၆၂၂။

GLORY Career Training Centre

အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. အသုံးချ အီလက်ထရွန်နစ်သင်တန်း
2. တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီ စက်ပြင်သင်တန်း
3. ကြိုးဟ်တုစလောင်း သင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရမ်စဖော်မာလက်တွေ့သင်တန်း
6. အဆင့်မြင့် Electrical Control သင်တန်း
7. အိမ်တွင်းလျှပ်စစ်ပစ္စည်း ပြုပြင်ခြင်းသင်တန်း
8. မော်တော်ကား ဝါယာရိန်းသင်တန်း
9. လေအေးပေးစက်နှင့်ရေခဲသေတ္တာ ပြုပြင်ခြင်းသင်တန်း
10. ဂဟေဆက် သင်တန်း (Arc, Gas, Pipe, TIG)
11. PLC သင်တန်း (OMRON စက်နှင့် Sensor မျိုးစုံသုံး၍သင်ကြားမည်။)
12. CNC (Computerized Numerical Control) သင်တန်း
13. PIC Microcontroller သင်တန်း

May လအတွက် သင်တန်းအသစ်များ ဖွင့်လှစ်လက်ခံပြီ။

ဘော်ဒါဆောင် ရှိသည်။

၁၂၅-ဘီ၊ ပထမထပ်၊ (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

☎ : 01-373431,09-5197817

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၉ ခုနှစ်
ကဆုန်လကွယ်နေ့
၁၅-၅-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ (အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေငန်ကကတစ်ငါး ဆေးထိုးသားဖောက်နည်း)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မရိုးနိုင်သောမြန်မာမှု အမွေ သနပ်ခါးအလှ) (ညွှန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (မွေးမြူအပ်သော ကြောက် စိတ်များ) (မြင်းခြံကျော်အောင်)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အစက်အပြောက်များ)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (အရေးပါတဲ့အစားအစာများ- ဒေါက်ထွေး-ဆေး/မန်း)

ညနေပိုင်း

၁၆း၀၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ကမ္ဘာကျော်တဲ့ကျွန်းရွှေဝါ (ကျွန်းရွှေဝါအဖွဲ့)
(၂) ခုနစ်ရက်တိုင်တိုင်မအားနိုင် (စန္ဒာအဖွဲ့)
(၃) ချစ်သောရေဝတီ (မီးရထားအဖွဲ့)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အသက်ရှည်ရှည် အရွယ် လှလှ-အောင်ကောင်း)

၁၇း၄၀ ဆွေးနွေးခန်း (ဖွံ့ဖြိုးမှုစုံလင် မုံရွေးကြေးမုံစံပြကျေးရွာတွင်)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (နေပူပူ မိုးရွာရွာ)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ဆားလျှော့စားပါ)

၁၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ရင်ခုန်သံတွေမရပ်ဘူး (Rဇာနည်၊ ဆုန်သင်းပါရ်)
(၂) ချစ်သူဆွဲအား (သီဟ၊ ရှင်ဖုန်း)
(၃) အလိုအပ်ဆုံးအရာ (စည်သူလွင်၊ ချောစုခင်)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဒို့များအရွယ် ညောင်းခဲ့ရင် (ဂီတာကိုသာစိန်)
(၂) မောင်သိစေချင်သည် (ခင်ထွေးမော်)
(၃) ပန်းလိုရင်အပင်ကိုပျိုးပါ (လက်ပံတန်းသန်းတင်)

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ်ရှိ ဇီးဖြူတောင် အစမ်းတွင်းအမှတ်(၁) စတင်တူးဖော် ပိုင်အိုစင်းသက်တမ်း ကျောက်စဉ်စုသဲကြောများနှင့် အီအိုစင်းသက်တမ်းကျောက်စဉ်စုသဲကြောများအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့်အလားအလာများ ရှာဖွေစမ်းသပ်တူးဖော်မည်

နေပြည်တော် မေ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့နံနက်ပိုင်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုရှားဖက်ဒရေးရှင်းကာလ်မေးကီးယားနိုင်ငံပိုင် Silver Wave Sputnik Petroleum Pte. Ltd. နှင့် Silver Wave Energy Pte. Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်း ပင်လည်ဘူးဒေသရှိ ကုန်းတွင်းလုပ်ကွက်အမှတ်–B 2 သို့ ရောက်ရှိပြီး ဇီးဖြူတောင် အစမ်းတွင်း အမှတ်(၁) စတင်တူးဖော်သည့် အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံမှူးကြီး Mr. Barabanov Nikoloy နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးအား ဇီးဖြူတောင် အစမ်းတွင်း ရှင်းလင်းဆောင်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးသန်းထွတ်က တွင်းတူးစက် ရွှေ့ပြောင်း သယ်ယူ ရောက်ရှိမှုနှင့် တူးဖော်သွားမည့်အခြေအနေတို့ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ရေနံရှာဖွေရေး)ဦးကျော်လှိုင်က လုပ်ကွက် အမှတ်–B 2 အတွင်းရှိ ဘူမိအနေအထားများ၊ ဇီးဖြူတောင် အစမ်းတွင်း အမှတ်(၁)၏ အလားအလာနှင့် ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တွင်းစမ်းသပ် တူးဖော်ရေးလုပ်ငန်းကို လျာထားသတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ဆိုက်စမစ်လိုင်းကို လိုအပ်သည့်နေရာများတွင် ထပ်မံဖြည့်စွက်တိုင်းတာသွားရေးနှင့် ပေနက်တွင်းများ စမ်းသပ်တူးဖော်သွားနိုင်ရေး အစီအမံများကို ချမှတ်ပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၆ ●

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုရှားဖက်ဒရေးရှင်း ကာလ်မေးကီးယားနိုင်ငံပိုင် Silver Wave Sputnik Petroleum Pte. Ltd. နှင့် Silver Wave Energy Pte. Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်း ပင်လည်ဘူးဒေသရှိ ကုန်းတွင်းလုပ်ကွက်အမှတ်–B 2 ဇီးဖြူတောင် အစမ်းတွင်းအမှတ်(၁) စတင်တူးဖော်သည့် အခမ်းအနားသို့ တက်ရောက်စဉ်။

(စွမ်းအင်)

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း ၅၃ ရာခိုင်နှုန်းကျော် ပြီးစီးနေ သတ်မှတ်ကာလ စောပြီးစီးရေး အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါ၍ စစ်တောင်းမြစ်ဝှမ်းစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်သော ရွှေကျင်မြို့၏အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီး ရွှေကျင်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ မေ ၁၂ ရက် မွန်းလွဲပိုင်းတွင်ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးမော်သာထွေးက စီမံကိန်းလုပ်ငန်းများပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက မိုးရာသီမတိုင်မီ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်ကို မှာကြားသည်။ *စာမျက်နှာ ၁၂ ကော်လံ ၄* ✻

မှတ်သားဖွယ်ရာမိုးရေချိန် ၁၃-၅-၂၀၀၇

ကလေးဝမြို့	၈	ဒသမ	၆၆	လက်မ
မြင်းခြံမြို့	၃	ဒသမ	၂၃	လက်မ
မင်းတပ်မြို့	၃	ဒသမ	၁၁	လက်မ
ညောင်ဦးမြို့	၂	ဒသမ	၉၉	လက်မ

မုန်တိုင်းငယ် မြောက်အရှေ့ ယွန်းယွန်းရွေ့လျား

နေပြည်တော် မေ ၁၃

ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်အရှေ့ ယွန်းယွန်းသို့ ရွေ့လျားနေပြီး ယနေ့ညနေပိုင်းမှ နောက် ၁၂ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းဒီရေမြင့်တက်

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး ခေတ္တခဏမျှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ မုန်တိုင်း၏ အရှိန်ကြောင့် မုန်တိုင်းဖြတ်ကျော်စဉ် ရခိုင်ပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဒီရေသည် လက်ရှိရေအမြင့်အထက် သုံးပေမှ ငါးပေခန့် ပိုမိုမြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

NLD ပါတီ၏ လုပ်ဆောင်မှုများကို ကြိုက်နှစ်သက်မှုမရှိ ပါတီတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ဆန္ဒမရှိ မြင်းခြံနှင့် မတ္တရာမြို့နယ်တို့မှ ပါတီဝင်လေးဦး နုတ်ထွက်

ရန်ကုန် မေ ၁၃

မန္တလေးတိုင်း မြင်းခြံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ရွာစည်ကျေးရွာနေ ကိုပြည့်ဖြိုးဝင်းသည် ဧပြီ ၈ ရက်တွင်လည်းကောင်း၊ မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သန်းကုန်းကျေးရွာနေ ဦးဝင်းမောင်၊ ဦးလှရွှေ၊ ဦးတင်အေးတို့ သုံးဦးသည် ဧပြီ ၁၉ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဖော်ပြထား

မြင်းခြံမြို့နယ်နှင့် မတ္တရာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ လုပ်ဆောင်မှုများကို ကြိုက်နှစ်သက်မှုမရှိ၊ ပါတီတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ဆန္ဒမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်း ဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)